# ပြည်ထဲရေး

**သတင်းလွှာ**

အတွဲ (၁၇)၊ အမှတ် (၁၂) ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယပိုလ်ချုပ်ကြီး စိုးထွန်း အင်းစိန်ဗဟိုအကျဉ်းထောင်သို့ ရောက်ရှိကာ ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့်အခြေအနေအား ကြည့်ရှုစစ်ဆေးမှု



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယ ပိုလ်ချုပ်ကြီး စိုးထွန်းသည် ၁၉-၁၀-၂၀၂၂ ရက်နေ့ မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်ရှိ အင်းစိန်ဗဟိုအကျဉ်းထောင်သို့ ရောက်ရှိစစ်ဆေးစဉ် ၁၉-၁၀-၂၀၂၂ ရက်နေ့ ၀၉၄၀ အချိန်က အကြမ်းဖက်သမားများ၏ ပါဆယ်ထုပ်အတွင်း လက်လုပ်မိုင်းထည့်သွင်းကာ အကြမ်းဖက်ဖောက်ခွဲ တိုက်ခိုက်ခဲ့သဖြင့် အင်းစိန်ဗဟိုအကျဉ်းထောင်၏ ဝင်/ထွက် ဂိတ်ပေါက်ရှိ အကျဉ်းသားများအတွက် ပါဆယ်ထုပ် လက်ခံသည့် အဆောက်အဦအတွင်းနှင့် အပြင်ဘက်တို့တွင် ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့မှုကြောင့် အကျဉ်းထောင်ဝန်ထမ်း ၃ ဦးနှင့် အကျဉ်းသားများအတွက် ပါဆယ်ထုပ်လာရောက် ပေးပို့သူများဖြစ်ကြသည့် အရပ်သားပြည်သူ ၅ ဦး၊ စုစုပေါင်း ၈ ဦးတို့တွင် မိုင်းစထိမှန်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ကြပြီး အကျဉ်းထောင် ဝန်ထမ်း ၅ ဦးနှင့် အရပ်သားပြည်သူ ၁၃ ဦး၊ စုစုပေါင်း ၁၈ ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည့်ဖြစ်စဉ်မှ ပေါက်ကွဲမှု ဖြစ်ပွားခဲ့သည့် အခင်းဖြစ်ရပ်အခြေအနေအား အသေးစိတ် သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပါသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အင်းစိန်ဗဟိုအကျဉ်းထောင် အစည်းအဝေးခန်းမ၌ ပေါက်ကွဲမှုဖြစ်ပွားစဉ် သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည့် အကျဉ်းထောင်ဝန်ထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များအား တွေ့ဆုံ၍ နှစ်သိမ့်အားပေးစကားများပြောကြားကာ ထောက်ပံ့ငွေများပေးအပ်ခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးခန်းမ၌ အကျဉ်းထောင်တာဝန်ရှိသူများနှင့် လုံခြုံရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။ ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အင်းစိန်မြို့နယ်ရှိ မြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကာ အကျဉ်းထောင်ပေါက်ကွဲမှုဖြစ်စဉ်အတွင်း သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည့် အကျဉ်းဦးစီးဌာနမှ ဝန်ထမ်းများနှင့် ပြည်သူများအားတွေ့ဆုံပြီး နှစ်သိမ့် အားပေးစကားပြောကြားကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်းသတင်းရရှိသည်။


**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန စုပေါင်းမဟာဘုံကထိန် ဆက်ကပ်လှူဒါန်းသည့် အခမ်းအနားများပြုလုပ်ခြင်း** စာ(၆)သို့

**ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အင်းစိန်ဗဟို အကျဉ်းထောင် ဝင်/ထွက်ဂိတ်ပေါက်ရှိ ပါဆယ်ထုပ် လက်ခံသည့်အဆောက်အဦ၌ ဖောက်ခွဲမှုကျူးလွန်ခဲ့သူ များအား ဖော်ထုတ်ဖမ်းဆီးရမိမှု** စာ(၁၂)သို့

**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၄၄)နှစ်မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ** စာ(၁၃)သို့

## လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်၊ ဈေးတန်းရပ်ကွက်တွင် နေအိမ်မီးလောင်မှုဖြစ်ပွား

ရှမ်းပြည်နယ်၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်၊ ဈေးတန်းရပ်ကွက်တွင် ၁၈-၁၀-၂၀၂၂ ရက်နေ့၊ ၀၁ ၁၆ အချိန်ခန့်က ပိုင်ရှင် ဒေါ်မိုးမိုးအေး၏ (၄၀×၃၀)ပေ သွပ်မိုး၊ အုတ်ညှပ်(၂)ထပ်နေအိမ်တွင် ရေခဲသေတ္တာအပူလွန်ကဲပြီး မီးကူးစက်လောင်ကျွမ်းမှု ဖြစ်ပွားကြောင်း ၀၁ ၂၀ အချိန် သတင်းရရှိခဲ့ရာ မောက်မယ်မြို့နယ်မီးသတ်စခန်းမှ မီးငြှိမ်းသတ်ယာဉ်(၂)စီး၊ မီးသတ်ရေသယ်ယာဉ်(၁)စီး၊ သန္ဓေ(၂၀)ဦးတို့ဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ ၀၁ ၃၅ အချိန် မီးငြိမ်းခဲ့ပြီး မီးလောင်မှုကြောင့် (၄၀×၃၀)ပေ သွပ်မိုး၊ အုတ်ညှပ်(၂)ထပ်နေအိမ် အပေါ်ထပ်ကြမ်းခင်း မီးလောင်ခံရကြောင်း သတင်းရရှိပါသည်။



## ကျိုင်းတုံမြို့နယ်၊ မိုင်းဇင်အုပ်စု၊ ပန်လော့အောက်ရွာတွင် နေအိမ်မီးလောင်မှုဖြစ်ပွား

ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်၊ မိုင်းဇင်အုပ်စု၊ ပန်လော့အောက်ရွာတွင် ၂၀-၁၀-၂၀၂၂ ရက်နေ့၊ ၁၂ ၅၀ အချိန်ခန့်က ပိုင်ရှင် ဦးဆန်နွဲ့၏ (၃၀×၂၀)ပေ သက်ငယ်မိုး၊ ဝါးကပ်ခင်း၊ ဝါးကပ်ကာ၊ မြေစိုက်ခြေတံရှည် (၁)ထပ် နေအိမ်တွင် မီးဖိုမီးအသုံးပြုထားပြီး လူစောင့်မရှိဘဲ ဝက်စာအိုးကျိုထားရာမှ အနီးရှိဝါးထရံသို့ မီးကူးစက်လောင်မှုဖြစ်ပွားကြောင်း ၁၂ ၅၂ အချိန် သတင်းရရှိသဖြင့် ကျိုင်းတုံခရိုင် မီးသတ်စခန်းမှ မီးငြှိမ်းသတ်ယာဉ် (၁)စီး၊ ကျိုင်းတုံမြို့နယ်မီးသတ်စခန်းမှ မီးငြှိမ်းသတ်ယာဉ်(၁)စီး စုစုပေါင်းမီးသတ်ယာဉ်(၂)စီး၊ သန္ဓေ(၁၆)ဦး၊ အရန်(၅)ဦးတို့ဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ ၁၃ ၂၅အချိန်မီးငြိမ်းခဲ့ပြီး မီးလောင်မှုကြောင့် (၃၀×၂၀)ပေ သက်ငယ်မိုး၊ ဝါးကပ်ခင်း၊ ဝါးကပ်ကာ၊ မြေစိုက်ခြေတံရှည် (၁)ထပ် နေအိမ်(၁)လုံးနှင့် (၄၀×၂၀)ပေ အုတ်ကြွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း၊ မြေစိုက်(၂)ထပ်နေအိမ် အပေါ်ထပ် မီးလောင်ခံရကြောင်း သတင်းရရှိပါသည်။



## မိုးညှင်းခရိုင်၊ မိုးကောင်းမြို့နယ်၊ ရွာသစ်ရပ်ကွက်၊ အုပ်စု (၃)တွင် မီးလောင်မှုဖြစ်ပွား



ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးကောင်းမြို့နယ်၊ ရွာသစ်ရပ်ကွက်၊ အုပ်စု (၃)တွင် ၁၉-၁၀-၂၀၂၂ရက်နေ့၊ ၁၄ ၅၀ အချိန်ခန့်က ပိုင်ရှင် ဒေါ်ဟန်ပေါင်၏ (၅၀×၂၀)ပေ ထရံကာ၊ သွပ်ကာ၊ သွပ်မိုး၊ မြေစိုက် (၁)ထပ် စပါးဂိုဒေါင်အဟောင်း ဘေးတွင် လူစောင့်မရှိဘဲအမှိုက်မီးရှို့ထားရာမှ အနီးရှိဝါးထရံသို့ မီးကူးစက်လောင်မှု ဖြစ်ပွားကြောင်း ၁၄ ၅၅အချိန် သတင်းရရှိသဖြင့် မိုးကောင်းမြို့နယ်မီးသတ်စခန်းမှ မီးငြှိမ်းသတ်ယာဉ် (၁)စီး၊ မီးသတ်ရေသယ်ယာဉ် (၁)စီး၊ မိုးကောင်းအရန်မီးသတ်စခန်းမှ မီးငြှိမ်းသတ်ယာဉ် (၁)စီး စုစုပေါင်း မီးသတ်ယာဉ် (၃)စီး၊ သန္ဓေ(၇)ဦး၊ အရန် (၁၀)ဦးတို့ဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ ၁၅ ၃၀ အချိန် မီးငြိမ်းခဲ့ပြီး မီးလောင်မှုကြောင့် (၅၀×၂၀)ပေ ထရံကာ၊ သွပ်ကာ၊ သွပ်မိုး၊ မြေစိုက်(၁)ထပ် အဆောက်အဦ (၁)လုံး မီးလောင်ခံရကြောင်း သတင်းရရှိပါသည်။

## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ စက်မှုဇုန်(၂)၊ (၈၉)ရပ်ကွက်၊ ပြင်စည်မင်းသားကြီးလမ်း၊ အမှတ်(၁၅၇)ရှိ တိုးတက် ရာဘာဆိုးပြား စက်ရုံတွင် မီးလောင်မှုဖြစ်ပွား




ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ စက်မှုဇုန်(၂)၊ (၈၉)ရပ်ကွက်၊ ပြင်စည်မင်းသားကြီးလမ်း၊ အမှတ်(၁၅၇)တွင် ၂၂-၁၀-၂၀၂၂ ရက်နေ့၊ ၀၄ ၄၀ အချိန်ခန့်က ပိုင်ရှင် ဦးညွန့်ရွှေ၏ တိုးတက်ရာဘာဆိုးပြားစက်ရုံတွင် မီးစက်အား အလိုအလျောက်စက်နိုးရန်သွယ်တန်းထားသော လျှပ်စစ်မိန်းခုံရှိ ဝါယာကြိုးများ အပူလွန်ကဲရာမှ မီးစတင်လောင်ကျွမ်းမှုဖြစ်ပွားကြောင်း ၀၄ ၄၅ အချိန် သတင်းရရှိသဖြင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်မီးသတ်စခန်းမှ မီးငြှိမ်းသတ်ယာဉ်(၂)စီး၊ မီးသတ်ရေသယ်ယာဉ် (၁)စီး၊ သန္ဓေ (၂၂)ဦးတို့ဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ ၀၄ ၅၇ အချိန် မီးငြိမ်းခဲ့ပြီး မီးလောင်မှုကြောင့် လျှပ်စစ်မီးဘုတ်ခုံ(၁)ခုနှင့် **Vivo 650 KVA** အမျိုးအစား မီးစက်(၁)လုံး မီးလောင်ခံရကြောင်း သတင်းရရှိပါသည်။

## ကျောက်ပန်းတောင်းမြို့နယ်၊ ကျောက်ပန်းတောင်း-ညောင်ဦးကားလမ်း၊ မိုင်တိုင်အမှတ် (၄/၇)တွင် သစ်ပင်လဲကျမှုဖြစ်ပွား

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ ကျောက်ပန်းတောင်း-ညောင်ဦးကားလမ်း၊ မိုင်တိုင်အမှတ် (၄/၇)တွင် ၂၅-၁၀-၂၀၂၂ ရက်နေ့၊ ၀၇ ၂၀ အချိန်ခန့်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လုံးပတ် (၃)ပေ၊ အမြင့် (၃၀)ပေခန့်ရှိ ထနောင်းပင်သည် အခြေမှလန်ကာလဲကျပြီး လမ်းပိတ်ဆို့မှုဖြစ်ပွားနေကြောင်း ၀၇ ၂၅ အချိန် သတင်းရရှိခဲ့ရာ ကျောက်ပန်းတောင်းမြို့နယ် မီးသတ်စခန်းမှ မီးသတ်စက်ယာဉ် (၁)စီး၊ သန္ဓေ(၁၀)ဦး၊ အရန် (၁၀)ဦးတို့ဖြင့် ရှင်းလင်းရေးလုပ်ငန်းများ သွားရောက်ကူညီဆောင်ရွက်ခဲ့ရာ ၀၈ ၁၅ အချိန် လုပ်ငန်းဆောင်ရွက်ပြီးစီးကြောင်း သတင်းရရှိပါသည်။



## ဖလမ်းမြို့၊ ဗလိုင်ရပ်ကွက်၊ ဗန်ကာအိုလမ်းတွင် မြေပြိုကျမှုဖြစ်ပွား

ချင်းပြည်နယ်၊ ဖလမ်းမြို့၊ ဗလိုင်ရပ်ကွက်၊ ဗန်ကာအိုလမ်းတွင် ၂၄-၁၀-၂၀၂၂ ရက်နေ့ ၂၀ ၀၀အချိန်ခန့်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပိုင်ရှင် ဦးလာလ်ရမ်ကြွမ်း၏ (၄၀×၂၄)ပေ အမိုး၊ အကာ၊ အခင်း၊ သံကူကွန်ကရစ် **RC** နေအိမ်ပေါ်သို့ အလျား(၄၀)ပေ၊ အမြင့်(၃၀)ပေခန့်ရှိ ကမ်းပါးပြိုကျမှုဖြစ်ပွားကြောင်း ၀၈ ၃၀ အချိန် သတင်းရရှိခဲ့ရာ ဖလမ်းခရိုင်/မြို့နယ်မီးသတ်စခန်းများမှ စုစုပေါင်းအုပ်ချုပ်မှုယာဉ် (၁)စီး၊ သန္တေ(၁၀)ဦး၊ အရန် (၂၁)ဦးတို့သည် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ရှင်းလင်းရေးလုပ်ငန်းများ သွားရောက်ကူညီဆောင်ရွက်ခဲ့ရာ ၁၂ ၀၀ အချိန် လုပ်ငန်းဆောင်ရွက်ပြီးစီးကြောင်း သတင်းရရှိပါသည်။



## ချောက်မြို့နယ်၊ သြဇာတောကျေးရွာအနီး၊ ရေနံချောင်း-ကျောက်ပန်းတောင်းသွားကားလမ်း၊ မိုင်တိုင်အမှတ် (၁၇၈/၇)အနီးတွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ သြဇာတောကျေးရွာအနီး၊ ရေနံချောင်း-ကျောက်ပန်းတောင်းသွားကားလမ်း၊ မိုင်တိုင်အမှတ် (၁၇၈/၇)အနီးတွင် ၂၉-၁၀-၂၀၂၂ ရက်နေ့၊ ၀၅ ၅၅ အချိန်ခန့်က ရေနံချောင်းဘက်မှ ကျောက်ပန်းတောင်းဘက်သို့ ဦးတည်ရပ်ထားသည့် ယာဉ်အမှတ် **YGN-4K/7844 FISO** အမျိုးအစား (အဖြူကြားရောင်) (၁၂)ဘီးယာဉ်အား လားရာတူယာဉ်ကြောမှ ယာဉ်မောင်း ဦးကိုဌေး မောင်းနှင်လာသော ယာဉ်အမှတ် **MGY-1G/2208 FISO CANTER** အမျိုးအစား (အဖြူရောင်)ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ အနောက်မှ၀င်ရောက်တိုက်မိမှုဖြစ်ပွားကြောင်း ၀၅ ၅၈ အချိန် သတင်းရရှိခဲ့သဖြင့် ချောက်မြို့နယ် မီးသတ်စခန်းမှ သူနာတင်ယာဉ်(၁)စီး၊ သန္တေ(၁၁)ဦး၊ အရန်(၆)ဦးတို့ဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက်ကူညီဆောင်ရွက်ခဲ့ရာ ၀၈ ၀၀ အချိန် လုပ်ငန်းဆောင်ရွက်ပြီးစီးကြောင်းနှင့် အဆိုပါယာဉ်တိုက်မှုကြောင့် ယာဉ်ပေါ်ပါ ကျား(၁၀)ဦး၊ မ(၉)ဦး ပေါင်း (၁၉)ဦးအနက် ကျား(၃)ဦး၊ မ(၄)ဦး စုစုပေါင်း (၇)ဦး(သေဆုံး)၊ ကျား (၇)ဦး၊ မ (၅)ဦး စုစုပေါင်း (၁၂)ဦး ထိခိုက်ဒဏ်ရာ (မစိုးရိမ်ရ)တို့အား အရန်မီးသတ်သူနာတင်ယာဉ်(၁)စီး၊ မနောဖြူပရဟိတအသင်းမှ သူနာတင်ယာဉ် (၁)စီး၊ သုဂတိရှင်ပရဟိတအသင်းမှ သူနာတင်ယာဉ် (၁)စီးတို့ဖြင့် ချောက်မြို့နယ်ပြည်သူ့ဆေးရုံသို့ ကူညီပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။




## တပ်ကုန်းမြို့နယ်၊ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၊ မိုင်တိုင်အမှတ် (၂၂၈/၂)နှင့် (၂၂၈/၃)အကြားတွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွား



နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၊ မိုင်တိုင်အမှတ် (၂၂၈/၂)နှင့် (၂၂၈/၃)အကြားတွင်၂၆-၁၀-၂၀၂၂ရက်နေ့၊ ၀၆ ၃၀ အချိန်ခန့်က မန္တလေးမှ ရန်ကုန်သို့ ယာဉ်မောင်း ဦးနေလင်းဦး မောင်းနှင်လာသော ယာဉ်အမှတ် **MDY-3H/7856 ANKAI** အမျိုးအစား(ရွှေအိုရောင်) မန်းရွှေပြည် ခရီးသည်တင်ယာဉ် သည် မောင်းနှင်လာစဉ် ယာဉ်မောင်းအိပ်ငိုက်ပြီး အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်မှု ဖြစ်ပွားကြောင်း ၀၇ ၀၀ အချိန် သတင်းရရှိခဲ့သဖြင့် ပလွေးအမြန်လမ်း နယ်မြေမီးသတ် စခန်းမှ မီးသတ်ယာဉ်(၁)စီး၊ ပန်းတင်အမြန်လမ်းနယ်မြေမီးသတ်စခန်းမှ မီးသတ်ယာဉ် (၁)စီး၊ သန္တေ(၁၀)ဦးတို့ဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက်ကူညီ ဆောင်ရွက်ခဲ့ရာ ၀၉ ၄၅ အချိန် လုပ်ငန်းဆောင်ရွက်ပြီးစီးကြောင်းနှင့် ယာဉ်တိမ်းမှောက် မှုကြောင့် ယာဉ်ပေါ်ပါ ကျား (၁၂)ဦး၊ မ (၅)ဦး ပေါင်း (၁၇)ဦးအနက် ကျား (၃)ဦး (သေဆုံး)၊ ကျား(၁)ဦး ထိခိုက်ဒဏ်ရာ(စိုးရိမ်ရ)နှင့် ကျား (၈)ဦး၊ မ (၅)ဦး ထိခိုက် ဒဏ်ရာ(မစိုးရိမ်ရ)တို့အား သုခဒါနပရဟိတအသင်းနှင့် မေတ္တာရေစင်တောင်ညို ပရဟိတအသင်းနှင့် အမြန်လမ်းမကြီးပိုင် သူနာတင်ယာဉ်တို့ဖြင့် နေပြည်တော်ခုတင် (၁၀၀၀)ဆံ့ဆေးရုံကြီးသို့ ကူညီပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## စစ်တွေခရိုင်၊ စစ်တွေမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်တွင် နေအိမ်မီးလောင်မှုဖြစ်ပွား



ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ စစ်တွေမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်တွင် ၃၀-၁၀-၂၀၂၂ ရက်နေ့၊ ၁၁ ၁၅ အချိန်ခန့်က ပိုင်ရှင် ဦးသန်းအောင်၏ (၁၅×၁၀)ပေ ဓနိမိုး၊ ဝါးထရံကာ၊ ပျဉ်ခင်း(၁)ထပ်နေအိမ်တွင် လျှပ်စစ်ရေနွေးအိုး တည်ထားရာမှ အပူလွန်ကဲပြီး အနီးရှိဝါးထရံသို့ မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားကြောင်း ၁၁ ၁၈ အချိန် သတင်းရရှိသဖြင့် စစ်တွေမြို့နယ်မီးသတ်စခန်းမှ အုပ်ချုပ်မှုယာဉ်(၁)စီး၊ မီးငြိမ်းသတ်ယာဉ်(၃)စီး၊ မီးသတ်ရေသယ်ယာဉ် (၂)စီး၊ သန္တေ (၃၂)ဦး၊ အရန် (၁၀)ဦးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ၁၁ ၄၀ အချိန် မီးငြိမ်းခဲ့ပြီး မီးလောင်မှုကြောင့် (၁၅×၁၀)ပေ ဓနိမိုး၊ ဝါးထရံကာ၊ ပျဉ်ခင်း(၁)ထပ် နေအိမ်(၁)လုံး၊ (၄၀×၁၅)ပေ ဓနိမိုး၊ ဝါးကာ၊ ပျဉ်ခင်း(၂)ထပ် နေအိမ်(၁)လုံး၊ (၆၀×၂၀)ပေ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း(၂)ထပ် နေအိမ်(၂)လုံး စုစုပေါင်း နေအိမ်(၄)လုံး မီးလောင်ခံရကြောင်း သတင်းရရှိပါသည်။

## ပေါင်မြို့နယ်၊ မုတ္တမမြို့၊ မေတ္တာမွန် (၅)လမ်းတွင် နေအိမ်မီးလောင်မှုဖြစ်ပွား

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ မုတ္တမမြို့၊ မေတ္တာမွန် (၅)လမ်းတွင် ၃၁-၁၀-၂၀၂၂ ရက်နေ့၊ ၀၅ ၁၈ အချိန်ခန့်က ပိုင်ရှင် ဦးကြည်လှ၏ (၃၂×၂၄)ပေ သွပ်မိုး၊ ပျဉ်ထောင်ကာ၊ ပျဉ်ခင်း၊ ခြေတံရှည် (၁)ထပ်နေအိမ်တွင် ဖယောင်းတိုင်မီးထွန်းထားရာမှ အနီးရှိဝါးထရံသို့ မီးကူးစက်လောင်မှုဖြစ်ပွားကြောင်း ၀၅ ၂၈ အချိန် သတင်းရရှိသဖြင့် မော်လမြိုင်မြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် (၁)စီး၊ ပေါင်မြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် (၁)စီး၊ မုတ္တမနယ်မြေမီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် (၁)စီး၊ စုစုပေါင်း မီးသတ်ယာဉ် (၃)စီး၊ ရာမညလူမှုကူညီရေးအသင်းမှ ရေသယ်ယာဉ် (၂)စီး၊ သန္တေ (၁၅)ဦး၊ အရန် (၁၀)ဦး၊ သီးသန့် (၉)ဦး တို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ၀၅ ၄၄ အချိန် မီးငြိမ်းခဲ့ပြီး မီးလောင်မှုကြောင့် (၃၂×၂၄)ပေ သွပ်မိုး၊ ပျဉ်ထောင်ကာ၊ ပျဉ်ခင်း၊ ခြေတံရှည် (၁)ထပ်နေအိမ် (၁)လုံးနှင့် ဆိုင်ကယ် (၁)စီး မီးလောင်ခံရကြောင်း သတင်းရရှိပါသည်။



## မိုးညှင်းမြို့နယ်၊ အင်းတော်ကြီးမြို့၊ ညောင်ပင်ကျေးရွာ၊ (၆)ရပ်ကွက်ရှိ စက်သုံးဆီဆိုင်ဂိုဒေါင် မီးလောင်မှုဖြစ်ပွား

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ အင်းတော်ကြီးမြို့၊ ညောင်ပင်ကျေးရွာ၊ (၆)ရပ်ကွက်တွင် ၃-၁၁-၂၀၂၂ ရက်နေ့၊ ၁၂ ၄၀ အချိန်ခန့်က ပိုင်ရှင် ဦးအောင်၏ **Sun Light** စက်သုံးဆီဆိုင် (၄၀×၂၀)ပေ သွပ်မိုး၊ အုတ်ညှပ်မြေစိုက်(၁)ထပ် ဂိုဒေါင်အတွင်းမှ ဆီတင်ယာဉ်ပေါ်ရှိ ပေပါသို့ လက်လှည့်ပန့်ဖြင့်ဆီလည်ရာမှ လက်လှည့်ဂေါက်တံဖြင့် ပေပါနှုတ်ခမ်းရိုက်မိပြီး မီးပွားထွက်၍ မီးစတင်လောင်မှုဖြစ်ပွားကြောင်း ၁၂ ၅၅ အချိန် သတင်းရရှိသဖြင့် နန့်မွန်းနယ်မြေမီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် (၁)စီး၊ သနွှေ (၈)ဦး၊ အရန် (၂၀)ဦးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ၁၅ ၅၀ အချိန် မီးငြိမ်းခဲ့ပြီး မီးလောင်မှုကြောင့်(၄၀×၂၀)ပေ သွပ်မိုး၊ အုတ်ညှပ်မြေစိုက်(၁)ထပ် ဂိုဒေါင်(၁)လုံး၊ ဒီဇယ်(၇၅၀)ဂါလန်ခန့်၊ ယာဉ်အမှတ် **MDY-8J-2385၊ NISSAN** အမျိုးအစား (အဖြူရောင်) (၁၂)ဘီးယာဉ်(၁)စီး မီးလောင်ခံရကြောင်း သတင်းရရှိပါသည်။



## သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ စိုက်ပျိုးရေးလမ်း၊ ဦးရွှေရိုးလမ်းသွယ်တွင် နေအိမ်မီးလောင်မှုဖြစ်ပွား



ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ စိုက်ပျိုးရေးလမ်း၊ ဦးရွှေရိုးလမ်းသွယ်တွင် ၁၁-၁၁-၂၀၂၂ ရက်နေ့၊ ၀၉ ၁၃ အချိန်ခန့်က ပိုင်ရှင် ဦးစိုးဝင်းနိုင်၏(၁၀×၃၅)ပေ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း (၁)ထပ်နေအိမ်ရှိ ဘုရားစင်တွင် အမွှေးတိုင်မီးပူဇော်ရာမှ အနီးရှိစက္ကူပေါ်သို့မီးပွားကျ၍ မီးလောင်ကျွမ်းမှုဖြစ်ပွားကြောင်း ၀၉ ၁၇ အချိန် သတင်းရရှိသဖြင့် သန်လျင်မြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်(၄)စီး၊ မီးသတ်ရေသယ်ယာဉ်(၂)စီး၊ သနွှေ(၃၆)ဦး၊ အရန် (၂၀)ဦးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ၀၉ ၃၀ အချိန် မီးငြိမ်းခဲ့ပြီး မီးလောင်မှုကြောင့် (၁၀×၃၅)ပေ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း(၁)ထပ်နေအိမ်(၁)လုံး မီးလောင်ခံရကြောင်း သတင်းရရှိပါသည်။

## ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့၊ ပေါက်ကုန်းရပ်ကွက်၊ အိမ်အမှတ် (ပက/၇၃၄)တွင် မီးလောင်မှုဖြစ်ပွား

ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့၊ ပေါက်ကုန်းရပ်ကွက်၊ အိမ်အမှတ် (ပက/၇၃၄)တွင် ၄-၁၁-၂၀၂၂ ရက်နေ့၊ ၀၃ ၃၅ အချိန်ခန့်က ပိုင်ရှင် ဦးနီလာမနီ၏ (၁၇×၁၃)ပေ သွပ်မိုး၊ ဝါးထရံကာ၊ မြေစိုက် (၁)ထပ် မီးဖိုဆောင်ရှိ ရေခဲသေတ္တာတွင် အသုံးပြုသွယ်တန်းထားသော မီးပလပ်ခုံအပူလွန်ကဲရာမှ အနီးရှိဝါးထရံသို့ မီးကူးစက်လောင်မှုဖြစ်ပွားကြောင်း ၀၃ ၄၀ အချိန် သတင်းရရှိသဖြင့် ဗန်းမော်ခရိုင်မီးသတ်ဦးစီးမှူးရုံးမှ မီးငြိမ်းသတ်ယာဉ် (၁)စီး၊ မီးသတ်ရေသယ်ယာဉ် (၁)စီး၊ သနွှေ(၁၁)ဦးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ၀၃ ၅၅ အချိန် မီးငြိမ်းခဲ့ပြီး မီးလောင်မှုကြောင့် (၁၇×၁၃)ပေ သွပ်မိုး၊ ဝါးထရံကာ၊ မြေစိုက်(၁)ထပ်မီးဖိုဆောင်(၁)လုံး၊ **Yinxaing 125** ဆိုင်ကယ် အဟောင်း (၂)စီးနှင့် **Luojia 110** ဆိုင်ကယ်အဟောင်း (၁)စီး မီးလောင်ခံရကြောင်း သတင်းရရှိပါသည်။



## သထုံမြို့နယ်၊ သုဝဏ္ဏဝတီမြို့၊ ကျိုက်ကော်ကျေးရွာ၊ ပဲခူးစုရပ်ကွက်တွင် နေအိမ်မီးလောင်မှုဖြစ်ပွား



မွန်ပြည်နယ်၊ သထုံမြို့နယ်၊ သုဝဏ္ဏဝတီမြို့၊ ကျိုက်ကော်ကျေးရွာ၊ ပဲခူးစုရပ်ကွက်တွင် ၉-၁၁-၂၀၂၂ ရက်နေ့၊ ၀၆ ၄၀ အချိန်ခန့်က ပိုင်ရှင် ဒေါ်ရည်ချို၏ (၁၅×၂၀)ပေ အုတ်ညှပ်၊ ပျဉ်ကာ၊ သွပ်မိုး(၂)ထပ်နေအိမ် အပေါ်ထပ်ရှိ လျှပ်စစ်မိန်းခုံအပူလွန်ကဲပြီး ဝါယာကြိုးများသို့ မီးကူးစက်လောင်မှုဖြစ်ပွားကြောင်း ၀၆ ၄၅ အချိန် သတင်းရရှိသဖြင့် ကျိုက်ကော်နယ်မြေမီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်(၁)စီး၊ ကျိုက်ကော်အရန်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်(၁)စီး၊ သိမ်ဆိပ်အရန်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်(၁)စီး၊ တံတားဦးအရန်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် (၁)စီး စုစုပေါင်း မီးငြိမ်းသတ်ယာဉ် (၄)စီး၊ သနွှေ (၃)ဦး၊ အရန် (၁၀)ဦးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ၀၇ ၀၀ အချိန် မီးငြိမ်းခဲ့ပြီး မီးလောင်မှုကြောင့် (၁၅×၂၀)ပေ အုတ်ညှပ်၊ ပျဉ်ကာ၊ သွပ်မိုး (၂)ထပ်နေအိမ် (၁)လုံး မီးလောင်ခံရကြောင်း သတင်းရရှိပါသည်။

## မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့နယ်၊ မြေမြင့်ရပ်ကွက်၊ အိမ်အမှတ် (၁၇၂) တွင် မီးလောင်မှုဖြစ်ပွား

ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့နယ်၊ မြေမြင့်ရပ်ကွက်၊ အိမ်အမှတ် (၁၇၂)တွင် ၅-၁၁-၂၀၂၂ရက်နေ့၊ ၁၄ ၁၀ အချိန်ခန့်က အိမ်ငှားနေထိုင်သူ ဒေါ်နင်းဝေ၏ (၃၀×၁၀)ပေ သွပ်မိုး၊ ဝါးထရံကာ (၁)ထပ် နေအိမ်တွင် လျှပ်စစ်ထမင်းပေါင်းအိုးနှင့် လျှပ်စစ်ဒယ်နီအိုးတို့ ပလပ်ခုံတွင်ပြိုင်ထိုးထားရာမှ ပလပ်ခုံအပူလွန်ကဲပြီး အနီးရှိ ဝါးထရံသို့ မီးကူးစက်လောင်မှုဖြစ်ပွားကြောင်း ၁၄ ၁၁ အချိန် သတင်းရရှိသဖြင့် ကချင်ပြည်နယ်မီးသတ်ဦးစီးမှူးရုံးမှ မီးငြိမ်းသတ်ယာဉ်(၂)စီး၊ မီးသတ်ရေသယ်ယာဉ် (၂)စီး၊ သနွှေ(၃၀)ဦးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ၁၄ ၅၅ အချိန် မီးငြိမ်းခဲ့ပြီး မီးလောင်မှုကြောင့် (၃၀×၁၀)ပေ သွပ်မိုး၊ ဝါးထရံကာ(၁)ထပ်နေအိမ်(၁)လုံး၊ (၃၀×၂၀)ပေ သွပ်မိုး၊ ဝါးထရံကာ၊ ပျဉ်ခင်း(၂)ထပ် နေအိမ် (၁)လုံး၊ (၂၀×၂၀)ပေ သွပ်မိုး၊ ဝါးထရံကာ၊ ပျဉ်ခင်း (၁)ထပ် နေအိမ် (၁)လုံးနှင့် (၁၅×၁၂)ပေ သွပ်မိုး၊ ဝါးထရံကာ၊ ပျဉ်ခင်း (၁)ထပ် နေအိမ်(၁)လုံး စုစုပေါင်း နေအိမ် (၄)လုံး မီးလောင်ခံရကြောင်း သတင်းရရှိပါသည်။



## သာကေတမြို့နယ်၊ မာန်ပြေ(၃)ရပ်ကွက်၊ မာန်ပြေ (၁၄)လမ်းအရှေ့၊ အမှတ် (၃၄)တွင် နေအိမ်မီးလောင်မှုဖြစ်ပွား

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မာန်ပြေ(၃)ရပ်ကွက်၊ မာန်ပြေ (၁၄)လမ်းအရှေ့၊ အမှတ်(၃၄)တွင် ၁၃-၁၁-၂၀၂၂ ရက်နေ့၊ ၀၇ ၅၅ အချိန်ခန့်က ပိုင်ရှင် ဒေါ်သန်းရွှေ၏ (၂၀×၆၀)ပေ **RC**(၂)ထပ်နေအိမ်အောက်ထပ်တွင် အိပ်ခန်းအတွင်း တပ်ဆင်ထားသော **Aircon Safeguard** အပူလွန်ကဲရာမှ မီးလောင်ကျွမ်းမှုဖြစ်ပွားကြောင်း၊ ၀၈ ၀၂ အချိန် သတင်းရရှိသဖြင့် သာကေတမြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်(၇)စီး၊ မီးသတ်ရေသယ်ယာဉ်(၁)စီး၊ သန္နေ(၄၈)ဦး၊ အရန်(၁၅)ဦးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ၀၈ ၂၉ အချိန် မီးငြိမ်းခဲ့ပြီး မီးလောင်မှုကြောင့် (၂၀×၆၀)ပေ **RC** (၂)ထပ် နေအိမ်(၁)လုံး မီးလောင်ခံရကြောင်း သတင်းရရှိပါသည်။



## ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလအတွင်း မီးလောင်ဆုံးရှုံးမှုနှင့် ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်ချက်များ

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလအတွင်း နိုင်ငံတော်တစ်ဝန်းလုံးတွင် မီးလောင်မှု ၆၀ ကြိမ်ဖြစ်ပွားခဲ့ပြီး မီးအမျိုးအစားအလိုက် မီးဖိုမီး ၇ ကြိမ်၊ ပေါ့ဆမီး ၁၈ ကြိမ်၊ လျှပ်စစ်မီး ၂၂ ကြိမ်၊ မသမာသူရှို့မီး ၉ ကြိမ်၊ သောင်းကျန်းသူရှို့မီး ၃ ကြိမ်၊ မိုးကြိုးပစ် ၁ ကြိမ် ဖြစ်ပါသည်။ အိမ်ခြေအဆောက်အဦ ၁၀၉ လုံးတွင် စက်ရုံ/အလုပ်ရုံ ၁ လုံး၊ ဂိုဒေါင် ၁ လုံး မီးလောင်ခံရပြီး မီးဘေးသင့်ပြည်သူ၁၀၇ ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ပါသည်။ ဒဏ်ရာရ ၃ ဦး၊ ၂ ဦး သေဆုံးခဲ့ပြီး ငွေကျပ် ၁၉၈.၇၂၉ သန်းခန့် ဆုံးရှုံးခဲ့ပါသည်။

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ အောက်တိုဘာလအထိ ၉ လတာကာလအတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မီးအမျိုးအစားအလိုက် မီးဖိုမီး ၁၈၅ ကြိမ်၊ ပေါ့ဆမီး ၃၁၅ ကြိမ်၊ အလိုအလျောက်မီး ၁၇ ကြိမ်၊ လျှပ်စစ်မီး ၃၅၈ ကြိမ်၊ မသမာသူရှို့မီး ၁၈၅ ကြိမ်၊ တောမီး ၄၄ကြိမ်၊ သောင်းကျန်းသူရှို့မီး ၇၅ ကြိမ်၊ မိုးကြိုးပစ် ၇ ကြိမ်၊ စုံစမ်းဆဲ ၃ ကြိမ် စုစုပေါင်း ၁၁၈၉ ကြိမ် ဖြစ်ပွားခဲ့ပါသည်။ အိမ်ခြေအဆောက်အဦ ၃၁၆၃ လုံးတွင် စက်ရုံ/အလုပ်ရုံ ၈ လုံးနှင့် ဂိုဒေါင် ၂၈၄ လုံး မီးလောင်ခံခဲ့ရပြီး မီးဘေးသင့်ပြည်သူ ၈၁၁၈ ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ပါသည်။ မီးလောင်မှုကြောင့် လူ ၇၄ ဦးသေဆုံး၊ ၁၀၄ ဦး ဒဏ်ရာရရှိကာ တိရစ္ဆာန် ၈၂၃၅ ကောင် သေဆုံးပြီး ငွေကျပ် ၅,၄၂၃.၅၉၁ သန်းခန့် ဆုံးရှုံးခဲ့ပါသည်။

မီးလောင်မှုများတွင် "မီးဖိုမီး၊ လျှပ်စစ်မီး၊ ပေါ့ဆမီး"များသည် အများဆုံးတွေ့ရှိရသောအချက်များဖြစ်သည့်အတွက် မီးဖိုမီးကြောင့်ဖြစ်ပွားတတ်သော မီးလောင်မှုများ မဖြစ်ပေါ်စေရေးအတွက် မီးဖိုအနီးလူစောင့်ထားရှိခြင်း၊ လောင်စာဆီများ မထားကြရန်နှင့် အိမ်မင်းမစွမ်းသူများ၊ ကလေးငယ်များအားမီးမွှေးခြင်း၊ ထမင်းချက်ခြင်း၊ ရေနွေးကျိုခြင်းများ မပြုလုပ်ခိုင်းခြင်း၊ မီးဖိုနံဘေးနှင့် အမိုး/နံရံအကြား လုံလောက်သော အပူခံအကာအရံများ ထားရှိစေခြင်းဖြင့် မီးလောင်မှုမှ ကင်းဝေးစေမည်ဖြစ်ပါသည်။ မီးလောင်မှုမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေးအတွက် မိမိတို့အိမ်တိုင်းတွင် ကနဦးလုပ်ဆောင်ရန်အနေဖြင့် နှစ်ကာလရှည်ကြာ၍ ဟောင်းနွမ်းဆွေးမြည့်နေသည့် လျှပ်စစ်ဝါယာကြိုးများ လဲလှယ်ထားခြင်း၊ လျှပ်စစ်ဒဏ်ခံကြိုး **(Fuse)**များကို ဝန်နှင့်အားမျှတအောင် သုံးစွဲခြင်း၊ လျှပ်စစ်မီးဖို၊ မီးပူများသုံးစွဲပြီးလျှင်(သို့မဟုတ်)လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်းဖြုတ်ထားခြင်း၊ လျှပ်စစ်ဝါယာရှော့ဖြစ်လျှင် ပင်မ(မိန်း)ခလုတ်ပိတ်ပြီး ခြောက်သွေ့သော အဝတ်၊ ပိတ်စတို့ဖြင့် ရိုက်ပုတ်ငြိမ်းသတ်ခြင်း၊ ချွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများ အသုံးမပြုကြရန်နှင့် မီးသတ်ဦးစီးဌာနမှ ထုတ်ပြန်ထားသည့် အချက်များအပေါ် လိုက်နာခြင်းအားဖြင့် မီးဘေးကာကွယ်ရေးအသိဖြင့် ကြိုတင်ဆောင်ရွက်စီမံထားရှိကြမည်ဆိုပါက"ပေါ့ဆမီး"ကြောင့် ဖြစ်ပွားတတ်သော မီးလောင်မှုများ လျော့နည်းစေမည်ဖြစ်ပါကြောင်း သတိပေးအပ်ပါသည်။

၂၀၂၂ခုနှစ်၊ အောက်တိုဘာလအတွင်း တိုင်းဒေသကြီး/ပြည်နယ်များ၌ သဘာဝဘေးအန္တရာယ်ကြောင့်ကမ်းပါးပြိုကျမှု ၁ ကြိမ်၊ ရေကြီးမှု ၅ ကြိမ်၊ မြေပြိုကျမှု ၂ ကြိမ်၊ လေပြင်းတိုက်ခတ်မှု ၁၅ကြိမ်၊ ရေကြီးမှု ၁ကြိမ်၊ ယာဉ်တိုက်မှု ၁၆ ကြိမ်၊ ယာဉ်တိမ်းမှောက်မှု ၁၀ ကြိမ်၊ ရေယာဉ်နှစ်မြုပ်မှု ၁ ကြိမ်၊ ရေနစ်မြုပ်မှု ၆ ကြိမ်၊ ရေတွင်းထဲပြုတ်ကျမှု ၂ ကြိမ်၊ သစ်ပင်ပြိုလဲမှု ၂၄ ကြိမ်၊ မတော်တဆထိခိုက်မှု ၁ ကြိမ်၊ တိရစ္ဆာန်ကယ်ဆယ်မှု ၁၃ ကြိမ် စုစုပေါင်း ၉၇ ကြိမ်ဖြစ်ပွားခဲ့ပါသည်။ ထိုကဲ့သို့သော သဘာဝဘေးအန္တရာယ်နှင့် မတော်တဆထိခိုက်မှုဖြစ်စဉ်များတွင် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ရှိ သန္နေအင်အား ၇၈၉ ဦးနှင့် အရန်မီးသတ်အင်အား ၁၈၉ ဦးတို့မှ ကူညီဆောင်ရွက်ပေးခဲ့ပြီး ထိခိုက်မှုကြောင့် သေဆုံးသူ ၄၇ ဦးနှင့် ဒဏ်ရာရရှိသူ ၁၁၄ ဦး တို့အား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးခဲ့ပါသည်။

**မီးသတ်ဦးစီးဌာန**

## ဆွမ်းဆန်စိမ်းလောင်းလှူခြင်း

၅-၁၀-၂၀၂၂ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ကရင်ပြည်နယ်ရုံး စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးခင်ဇော်၏ ဦးဆောင်မှုဖြင့် ဘားအံမြို့၊ ရွှေယဉ်မျှော်ပြည်တော်စေတီတော်၏ (၇၃)ကြိမ်မြောက် ဆွမ်းဆန်စိမ်း လောင်းလှူပွဲတွင် ဘားအံမြို့ပေါ်ရှိ ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း (၂၅၁၉) ပါးတို့အား ဆွမ်းဆန်တော်(၃)အိတ် စုစုပေါင်း တန်ဖိုးငွေကျပ် ၁၆၅,၀၀၀/-(ကျပ်တစ်သိန်းခြောက်သောင်းငါးထောင်တိတိ)အား လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။



## မီးဖွားစရိတ်ထောက်ပံ့ပေးအပ်ခြင်း



၃-၁၁-၂၀၂၂ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရှမ်းပြည်နယ်ရုံးမှ ညွှန်ကြားရေးမှူး ဦးယဉ်ကျော်မိုး၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် ညွှန်ကြားရေးမှူး ဦးယဉ်ကျော်မိုး၏ဇနီး ဒေါ်နန်းခင်ထွေးနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်စိုး၏ဇနီး ဒေါ်နီနီခင်တို့ ဦးဆောင်သည့် အဖွဲ့သည် တောင်ကြီးမြို့၊ မြတ်တော်ဝင်ဆေးရုံတွင် မီးဖွားနေသော ဒုတိယစုံစမ်းရေးမှူး ဦးရန်လင်းအောင်၏ဇနီး စုံစမ်းရေးမှူး ဒေါ်ဇလပ်ဖြူအား မီးဖွားစရိတ် ငွေကျပ် ၃၀,၀၀၀/- (ကျပ်သုံးသောင်းတိတိ)၊ စားသောက်ဖွယ်ရာနှင့် အသုံးအဆောင်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## အခြေခံစားကုန် ထောက်ပံ့ပေးအပ်ခြင်း

၂၁-၁၀-၂၀၂၂ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ ညွှန်ကြားရေးမှူး ဦးစိုးနောင်ဦးမှ ဦးဆောင်၍ ဒုတိယညွှန်ကြားရေးမှူးနှင့် လက်ထောက်ညွှန်ကြားရေးမှူးတို့မှ ကြီးကြပ်ကွပ်ကဲကာ ဝန်ထမ်းနှင့် မိသားစုဝင်များအား သက်သာချောင်ချိမှုရရှိစေရန် ရည်ရွယ်ပြီး ဝန်ထမ်းများအား တစ်ဦးလျှင် စားသုံးဆီ (၂)ပိဿာ(၅၀)ကျပ်သားနှုန်းဖြင့် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။



## ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ခြင်း



၃-၁၀-၂၀၂၂ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ကရင်ပြည်နယ်ရုံး စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးခင်ဇော်၏ လမ်းညွှန်မှုဖြင့် ကရင်ပြည်နယ်ရုံးအစည်းအဝေးခန်းမ၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ပညာသင်ကြားနေသော ဝန်ထမ်းသား/သမီး ကျောင်းသား/ကျောင်းသူ စုစုပေါင်း(၃၉)ဦးအတွက် ကျောင်းသုံးဗလာစာအုပ်(၃၃)ဒါဇင်၊ ကျောင်းဝတ်စုံ(၂၃)ထည်နှင့် မူကြိုအဆင့် ကျောင်းသား/ကျောင်းသူ (၆)ဦးအတွက် တစ်ဦးလျှင် ၅,၀၀၀/-နှုန်း၊ မူလတန်းအဆင့် ကျောင်းသား/ကျောင်းသူ (၁၀)ဦးအတွက် တစ်ဦးလျှင် ၁၃,၅၀၀/-နှုန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်အဆင့် ကျောင်းသား/ကျောင်းသူ (၂၃)ဦးအတွက် တစ်ဦးလျှင် ၁၇,၀၀၀/-နှုန်းဖြင့် စုစုပေါင်းတန်ဖိုးငွေကျပ် ၅၅၆,၀၀၀/- ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## စုပေါင်းမဟာဘုံကထိန် ဆက်ကပ်လှူဒါန်းသည့် အခမ်းအနားများပြုလုပ်ခြင်း

### နေပြည်တော်

၃-၁၁-၂၀၂၂ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ နေပြည်တော်ရုံး ညွှန်ကြားရေးမှူး ဦးမျိုးဇော်ဝင်း၏ ဦးဆောင်မှုဖြင့် ဒုတိယညွှန်ကြားရေးမှူး ဦးသက်ဇော်အေး၊ လက်ထောက်ညွှန်ကြားရေးမှူးများ ဖြစ်ကြသည့် ဦးသိန်းအောင်၊ ဦးဝင်းလက်၊ ဦးလှိုင်ဦးနှင့် ဦးရဲထွဋ်ကြိုင်တို့ပါဝင်သော ကော်မတီဝင်များသည် မော်လမြိုင်မြို့၊ တောင်ရိုးတန်းလမ်းရှိ၊ ရွှေတောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိမလ အမှူးပြုသည့် သံဃာတော်(၅)ပါးတို့အားပင့်ဖိတ်၍ ကထိန်သင်္ကန်း၊ ပဒေသာပင်နှင့် အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ရာ စုစုပေါင်း ကုန်ကျငွေ ၁,၁၇၀,၀၀၀/- (ကျပ်တစ်ဆယ့်တစ်သိန်းခုနစ်သောင်းတိတိ)အား လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။






### မန္တလေးတိုင်းဒေသကြီး

၅-၁၁-၂၀၂၂ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးရုံး ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုဝင်များ၏ (၁၆)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် ဆက်ကပ်လှူဒါန်းသည့် အခမ်းအနားကို မန္တလေးတိုင်းဒေသကြီးရုံး ဓမ္မာရုံ၌ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ "ရွှေကြေးစည်"ကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တဥတ္တမ အမှူးပြုသော သံဃာတော်(၅)ပါးတို့အား ပင့်ဖိတ်၍ သံဃာတော်များထံမှ သီလခံယူခြင်း၊ ပရိတ်တရားနာယူခြင်း၊ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခြင်းများ ပြုလုပ်ခဲ့ပြီး ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းတန်ဖိုးငွေ ၂,၅၅၉,၅၀၀/-နှင့် ဝတ္ထုငွေ ၈,၇၇၀,၀၀၀/- စုစုပေါင်းလှူဒါန်းမှု တန်ဖိုးငွေ ၁၁,၃၂၉,၅၀၀/-(ကျပ်တစ်ရာတစ်ဆယ့်သုံးသိန်း နှစ်သောင်းကိုးထောင့်ငါးရာတိတိ)ကို ပုသိမ်ကြီးမြို့နယ်၊ မင်းဂံကျေးရွာအုပ်စု "ရွှေအောင်စည်"တောရကျောင်းသို့ ပေးပို့လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

### တနင်္သာရီတိုင်းဒေသကြီး

၃-၁၁-၂၀၂၂ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးရုံးမှ ညွှန်ကြားရေးမှူး ဦးမိုးသန့်ဇင်၏ ဦးဆောင်မှုဖြင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှကြီးမှူး၍ ထားဝယ်မြို့၊ ညောင်ရမ်းတောင်ရပ်ကွက်ရှိ သာသနာ့ဗိမာန်တော်၌ ကျင်းပပြုလုပ်သည့် ဒွါဒသမအကြိမ်၊ (၁၂)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်တွင် တိုင်းဒေသကြီးရုံး ဝန်ထမ်းများက စုစုပေါင်းငွေ ၁,၆၇၈,၁၀၀/- (ကျပ်တစ်ဆယ့်ခြောက်သိန်းခုနစ်သောင်း ရှစ်ထောင့်တစ်ရာတိတိ)တန်ဖိုးရှိ ပဒေသာပင်အား ပါဝင်လှူဒါန်းခဲ့ပြီး အဆိုပါပဒေသာပင်အား ထားဝယ်မြို့၊ ကျောက်မော်ကြီးရပ်ကွက်၊ နန်းတော်ရာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိမလထံ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။



## အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)မှ ခြေတုလက်တုလိုအပ်သော အကျဉ်းသားများအား လိုအပ်သောအကူအညီများဆောင်ရွက်ပေးခဲ့ခြင်း



အကျဉ်းဦးစီးဌာန၊ ကချင်ပြည်နယ်ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ မိုးညှင်းအကျဉ်းထောင်သို့ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ **ICRC** (မြစ်ကြီးနားမြို့)မှ ဒေါ်ဂျာဆိုင်း( **ICRC** ကွင်းဆင်းဝန်ထမ်း) ဦးဆောင်သောအဖွဲ့မှ ၁၁-၁၀-၂၀၂၂ ရက်နေ့တွင် အကျဉ်းထောင်သို့လာရောက်၍ ခြေတုတပ်ဆင်ရန်လိုအပ်သော အကျဉ်းသား ၃ ဦးအား စမ်းသပ်စစ်ဆေးမှုများပြုလုပ်ပေးခြင်း၊ ခြေတုများပြုပြင်ပေးခြင်း၊ အသစ်လဲလှယ်ပေးခြင်းစသည့် လိုအပ်သောအကူအညီများပေးနိုင်ရေးဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## နိုင်ငံတကာစေ့စပ်ညှိနှိုင်းသူများ လုပ်ငန်းအဖွဲ့၏နှစ်ပတ်လည်ညီလာခံ (International Negotiators Working Group-Annual Conference 2022) သို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်မှု





ဂရိနိုင်ငံ၊ အေသင်မြို့ရှိ **Hellenic Police Headquarters** ၌ ၃၁-၁၀-၂၀၂၂ ရက်နေ့မှ ၄-၁၁-၂၀၂၂ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သော နိုင်ငံတကာ စေ့စပ်ညှိနှိုင်းသူများလုပ်ငန်းအဖွဲ့၏ နှစ်ပတ်လည်ညီလာခံ **(International Negotiators Working Group-Annual Conference 2022)** သို့ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲမှူးချုပ် ကျော်လင်း ဦးဆောင်သော ကိုယ်စားလှယ် ၂ ဦး တက်ရောက်ခဲ့ပြီး ဥရောပသမဂ္ဂ အဖွဲ့ဝင် ၁၉ နိုင်ငံနှင့် အမေရိကန်၊ ဗြိတိန်၊ ဆွစ်ဇာလန်၊ အိုက်စ်လန်၊ နော်ဝေ၊ ကနေဒါ၊ နိုင်ဂျီးရီးယား၊ ဩစတြေးလျ၊ မက်စီဒိုးနီးယား၊ အရှေ့အလယ်ပိုင်းဒေသ ၄ နိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ အာရှနိုင်ငံများမှ မြန်မာ၊ ဂျပန်၊ တရုတ်၊ ဖိလစ်ပိုင်နှင့် စင်္ကာပူနိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

ညီလာခံတွင် ဂရိနိုင်ငံရဲတပ်ဖွဲ့၊ နော်ဝေနိုင်ငံရဲတပ်ဖွဲ့၊ ဆိုက်ပရပ်နိုင်ငံရဲတပ်ဖွဲ့၊ အစ္စရေးနိုင်ငံရဲတပ်ဖွဲ့၊ နယ်သာလန်နိုင်ငံရဲတပ်ဖွဲ့၊ ပြင်သစ်နိုင်ငံရဲတပ်ဖွဲ့၊ ဂျာမနီနိုင်ငံရဲတပ်ဖွဲ့၊ ဥရောပရဲအဖွဲ့၊ ပြည်ထောင်စုစုံစမ်းထောက်လှမ်းရေးအဖွဲ့(FBI)၊ ဂရိနိုင်ငံ **(Center for Security Studies/ Kentro Meleton Asfaleias-KEMEA)**၊ အမေရိကန်ပြည်ထောင်စု **(Foundation for Defense of Democracies** နှင့် **The Fletcher School of Law and Diplomacy/ Tufts University)**၊ ဗြိတိန်နိုင်ငံ **(London Metropolital Police ၊ National Crime Agency-NCA ၊ Global Interagency Security Forum-GISF** နှင့် **College of Policing)**၊ ဥရောပနိုင်ငံများမှ အကြံပေးအဖွဲ့များကွန်ရက် **(European Network of Advisory Teams-EuNAT)** တို့မှ စေ့စပ်ညှိနှိုင်းရေးတပ်ဖွဲ့ဝင်များ၊ ကျွမ်းကျင်သူများ၊ စိတ်ပညာရှင်များက ဓားစာခံအဖြစ်ဖမ်းဆီးထိန်းသိမ်းခြင်း၊ ပြန်ပေးဆွဲခြင်းများနှင့်ပတ်သက်၍ စေ့စပ်ညှိနှိုင်းရေးဆိုင်ရာ အတွေ့အကြုံဗဟုသုတများ၊ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများနှင့် နည်းဗျူဟာများကို ရှင်းလင်းဆွေးနွေးခဲ့ကြပါသည်။

ဓားစာခံအဖြစ်ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် ဓားစာခံများအား သတ်ဖြတ်ခြင်းကို **The International Convention Against the Taking of Hostages** အပါအဝင် နိုင်ငံတကာကွန်ဗင်းရှင်းများက တင်းကြပ်စွာတားမြစ်ပိတ်ပင်ထားကြောင်း၊ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မိမိပြည်တွင်းဥပဒေများ ရေးဆွဲပြဋ္ဌာန်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေတွင် ဓားစာခံအဖြစ်ဖမ်းဆီးထိန်းသိမ်းသည့် အကြမ်းဖက်ကျူးလွန်မှုများ မဖြစ်ပွားစေရေး ကြိုးကြပ်ဆောင်ရွက်သွားရန် ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ အဆိုပါပြဋ္ဌာန်းချက်ကို အကောင်အထည်ဖော်ရေးအတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးနည်းဥပဒေရေးဆွဲလျက်ရှိပြီး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာကိုယ်စားလှယ်က ဆွေးနွေးပြောကြားခဲ့ပြီး နိုင်ငံတကာစေ့စပ်ညှိနှိုင်းသူများလုပ်ငန်းအဖွဲ့၏ နှစ်ပတ်လည်ညီလာခံ(၂၀၂၃)ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပြီး အိမ်ရှင်နိုင်ငံမှတစ်ဆင့် ဖိတ်ကြားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

---

## ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၁၁၂/၂၀၂၂) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပပြုလုပ်မှု

ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၁၂/၂၀၂၂) သင်တန်းဖွင့်ပွဲအခမ်းအနားကို ၁၇-၁၀-၂၀၂၂ ရက်နေ့ ၀၈၀၀အချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရဲအရာရှိလေ့ကျင့်ရေးကျောင်း၊ ဗဟိုခန်းမ၌ ကျင်းပပြုလုပ်ရာ ရဲအရာရှိလေ့ကျင့်ရေးကျောင်း၊ ကျောင်းအုပ်ကြီး ရဲမှူးချုပ် ဟန်ထွန်း က သင်တန်းဖွင့်မိန့်ခွန်းပြောကြားခဲ့ပြီး အဆိုပါအခမ်းအနားသို့ ရဲအရာရှိလေ့ကျင့်ရေးကျောင်းမှ တပ်ဖွဲ့ဝင်အရာရှိများ၊ နည်းပြများနှင့် ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၁၁၂/၂၀၂၂)၊ မီးသတ်ဦးစီးဌာနမှ သင်တန်းသား/သင်တန်းသူ(၂၁၅)ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ၁၇-၁၀-၂၀၂၂ ရက်နေ့မှ ၃-၂-၂၀၂၃ ရက်နေ့အထိဖြစ်ကြောင်း သတင်းရရှိသည်။





---

## ဆက်သွယ်ရေးစက် ကိုင်တွယ်ထိန်းသိမ်းအသုံးပြုနည်းနှင့် ဆက်သွယ်ရေးလုံခြုံမှုသင်တန်း အမှတ်စဉ်(၁/၂၀၂၂) သင်တန်းဖွင့်ပွဲ ကျင်းပပြုလုပ်မှု





ဆက်သွယ်ရေးစက် ကိုင်တွယ်ထိန်းသိမ်းအသုံးပြုနည်းနှင့် ဆက်သွယ်ရေးလုံခြုံမှုသင်တန်း အမှတ်စဉ် (၁/၂၀၂၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ၂၅-၁၀-၂၀၂၂ ရက်နေ့ ၀၈၀၀ အချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရဲအရာရှိလေ့ကျင့်ရေးကျောင်း အစည်းအဝေးခန်းမ(၂)၌ ကျင်းပပြုလုပ်ရာ ရဲအရာရှိလေ့ကျင့်ရေးကျောင်း၊ ကျောင်းအုပ်ကြီး ရဲမှူးချုပ် ဟန်ထွန်းက သင်တန်းဖွင့်မိန့်ခွန်းပြောကြားခဲ့ပြီး အဆိုပါ အခမ်းအနားသို့ ရဲအရာရှိလေ့ကျင့်ရေးကျောင်းမှ တပ်ဖွဲ့ဝင်အရာရှိများ၊ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ နည်းပြများနှင့် သင်တန်းသားအရာရှိ(၁၅)ဦး၊ အခြားအဆင့်(၄၅)ဦး၊ စုစုပေါင်း(၆၀)ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ၂၅-၁၀-၂၀၂၂ ရက်နေ့မှ ၁၁-၁၁-၂၀၂၂ ရက်နေ့အထိဖြစ်ကြောင်း သတင်းရရှိသည်။

## မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်ခြားစောင့်တပ်ဖွဲ့များအကြား တပ်ရင်းမှူးအဆင့် အလံတင်အစည်းအဝေး ကျင်းပပြုလုပ်မှု




မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်ခြားစောင့်တပ်ဖွဲ့များအကြား တပ်ရင်းမှူးအဆင့် အလံတင်အစည်းအဝေးကို ၃၀-၁၀-၂၀၂၂ ရက်နေ့ မြန်မာစံတော်ချိန် ၁၀၃၀ အချိန်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တက္ကနာ့ခ်မြို့၊ Shahparirdwip လေ့ဆိပ်၌ ကျင်းပခဲ့ပါသည်။ အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ်(၁)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှူး ယာယီဒုတိယရဲမှူးကြီး ရဲဝေစိုး ဦးဆောင်သော ကိုယ်စားလှယ်(၆)ဦးအဖွဲ့နှင့် အမှတ်(၂) ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်(တက္ကနာ့ခ်)မှ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး **Sheikh Khalid Mohammad Iftekhar** ဦးဆောင်သော ကိုယ်စားလှယ်(၈)ဦးအဖွဲ့တို့ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် မြန်မာဘက်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း အခြေပြုလှုပ်ရှားနေသော သောင်းကျန်းသူစခန်းများ၏တည်နေရာများအား မြေပုံနှင့်တကွ အသိပေးဆွေးနွေးခြင်း၊ နယ်စပ်ဒေသလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး ပိုမိုပူးပေါင်းဆောင်ရွက်ရန်၊ နယ်စပ်ဒေသတွင်အခြေပြုလှုပ်ရှားသည့် အကြမ်းဖက်သမားများ၊ သောင်းကျန်းသူများ တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်ရန်၊ ခိုးဝင်/ထွက်မှုများအား ထိရောက်စွာတားဆီးနိုင်ရေး အလေးထားဆောင်ရွက်ပေးရန်နှင့် ၂၀၂၂ ခုနှစ်အတွင်း နှစ်နိုင်ငံနယ်စပ်ဒေသ၌ မူးယစ်ဆေးဝါးများကို မြန်မာနယ်ခြားစောင့်ရဲတပ်ဖွဲ့က ဖမ်းဆီးရရှိမှုများအား ဆွေးနွေးခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်ကလည်း နယ်စပ်ဒေသလုံခြုံရေး အခြေအနေများ၊ တရားမဝင် ဝင်ရောက်မှုများကို ထိရောက်စွာတားဆီးနှိမ်နင်းရေး၊ မူးယစ်ဆေးဝါးမှုခင်းနှင့် လူကုန်ကူးမှုအပါအဝင် နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေး အတွက် နှစ်ဖက်နယ်ခြားစောင့်တပ်ဖွဲ့များအကြား ရိုးရင်းစွဲရင်းနှီးခင်မင်စွာ ဆက်သွယ်ဆက်ဆံရေးကို အခြေခံ၍ ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုနှင့် ဖြေရှင်းဆောင်ရွက်ကြမည် ဖြစ်ကြောင်း ရင်းနှီးပွင့်လင်းစွာပြန်လည်ဆွေးနွေးခဲ့ကြပြီး မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်ခြားစောင့်တပ်ဖွဲ့များအကြား တပ်ရင်းမှူးအဆင့် အလံတင်အစည်းအဝေး သည် ၁၅၀၀ အချိန်တွင် ပြီးဆုံးခဲ့ကြောင်းသတင်းရရှိသည်။

## မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်တွင် ငွေကျပ် ၃၀ ဘီလီယံကျော် တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁၅၀၀ ကီလိုနှင့် ကက်တမင်း ၁ ကီလို ဖမ်းဆီးရမိမှု




၈-၁၀-၂၀၂၂ ရက်နေ့ ၀၉၀၀ အချိန်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင် မြို့နယ်၊ မိုးကုတ်-ပြင်ဦးလွင်သွားကားလမ်း၊ ဆင်စားကန်းကျေးရွာအနီး မိုးကုတ်ဘက်မှ ပြင်ဦးလွင်ဘက်သို့ ငွေအောင် မောင်းနှင်ပြီး မင်းမင်း လိုက်ပါလာသည့် **DONGFENG** (၆)ဘီး မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်တွင် ဘီလပ်မြေအိတ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသည့် ဒေသကာလတန်ဖိုးငွေကျပ် ၃၀ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁၅၀၀ ကီလိုနှင့် ကက်တမင်း ၁ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိသော အိုက်စ်နှင့် ကက်တမင်းတို့အား ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ရခိုင်ပြည်နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

## မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်တွင် ငွေကျပ် ၁.၄၆ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉.၇၅ သိန်း ဖမ်းဆီးရမိမှု

၃၁-၁၀-၂၀၂၂ ရက်နေ့ ၁၄၀၀ အချိန်တွင် မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန် မြို့နယ်၊ တံခွန်တိုင်အဝိုင်းအနီး၊ ရန်ကုန်-မန္တလေး သွားကားလမ်းတွင် မျိုးမြင့်မောင် (ခ) ဖိုးသား မောင်းနှင်လာသည့် ခရီးသည်တင်မှန်လုံယာဉ်အား သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ် ၁.၄၆ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ် ဆေးပြား ၉.၇၅ သိန်းနှင့် မြန်မာငွေကျပ် ၁၀ သိန်းတို့ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေး ဖော်ထုတ်ချက်အရ ၁၄၃၀ အချိန်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်ကြသည့် မျိုးညွန့်(ခ)အငယ်ချေအား ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ ၅၆ လမ်း၊ ၁၃၀ လမ်းထောင့်တွင်လည်းကောင်း၊ ၁၉၃၀ အချိန်တွင် ကျော်ကျော်ဝင်း(ခ)ဦးကျော်အား ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ရပ်ကွက်၊ တံခွန်တိုင် အဝိုင်းအနီးတွင် မော်တော်ဆိုင်ကယ် ၁ စီးနှင့်လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့ပြီး စိတ်ကြွရူးသွပ်ဆေးပြားများအား မန္တလေးတိုင်းဒေသကြီးမှ ရခိုင်ပြည်နယ်သို့သယ်ဆောင်ခြင်း ဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းတို့ ၃ ဦးအား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်းသတင်းရရှိသည်။



## မွန်ပြည်နယ်၊ သထုံမြို့နယ်တွင် ငွေကျပ် ၁၁.၇၅ ဘီလီယံ တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၄၇၀ ကီလို ဖမ်းဆီးရမိမှု



၁၉-၁၀-၂၀၂၂ ရက်နေ့ ၁၆၃၀ အချိန်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ရန်ကုန်-မော်လမြိုင် ကားလမ်း မိုင်တိုင်အမှတ်(၁၄၅/၆)အနီးတွင် ကျိုက်ထိုဘက်မှ မြဝတီဘက်သို့ သိန်းကို မောင်းနှင်ပြီး ရန်နိုင်ထွန်း လိုက်ပါလာသည့် **Canter** (၆)ဘီး မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ် ၁၁.၇၅ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၄၇၀ ကီလို သိမ်းဆည်း ရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ကရင်ပြည်နယ်သို့ အိုက်စ်(မက်သ်အဖက်တမင်း)များ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်ကြသည့် ပြင်ဦးလွင်မြို့နယ်၊ စိန်ပန်းကျေးရွာတွင် ပါကျဲ(ခ)စိုးလင်းထွန်းအား မြန်မာငွေကျပ်သိန်း ၈၀၊ **IPSUM** မော်တော်ယာဉ် ၁ စီးနှင့်လည်းကောင်း၊ မြဝတီမြို့နယ် သယ်န်း ညီနောင်ကျေးရွာတွင် ကိုစိုင်း(ခ)စောဇာနည်မောင်နှင့် မျိုးအောင်(ခ)ဟော့ထင်ချန် တို့အား **GLOCK 9 MM** ပစ္စတိုသေနတ် ၁ လက်၊ ၎င်းကျည်အိမ် ၂ ခု၊ ၉ **MM** ကျည် ၂၃ တောင့်၊ **Crown** မော်တော်ယာဉ် ၁ စီးနှင့်လည်းကောင်း၊ ဘားအံမြို့နယ်၊ မဲဘောင်ကျေးရွာတွင် အားဝေ(ခ)လောက်ဆန်နှင့် သက်ဦး(ခ)စောသက်ဦး တို့အား **Crown** မော်တော်ယာဉ် ၁ စီးနှင့်လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ ၇ ဦးအား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

## ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကွန်ဟိန်းမြို့နယ်တွင် ငွေကျပ် ၁၅.၃ ဘီလီယံကျော် တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁ တန်ကျော် ဖမ်းဆီးရမိမှု

၁၉-၁၀-၂၀၂၂ ရက်နေ့ ၁၅၀၀ အချိန်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကွန်ဟိန်းမြို့နယ်၊ တာကော်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ကာလိဘက်မှ မိုင်းပျဉ်းဘက်သို့ စိုင်းဖြိုးဝေသန့်(ခ)အိုက်လျန်း မောင်းနှင်ပြီး စိုင်းအိုက်မွန်း လိုက်ပါလာသည့် **UD TRUCKS** (၁၂)ဘီး မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ် ၁၅.၃ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁.၀၉၆ တန် သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိသော အိုက်စ်(မက်သ်အဖက်တမင်း)များအား ကွန်ဟိန်းမြို့နယ်မှ တာချီလိတ်မြို့နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။




## ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၂,၈၀၀ ကျော် တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံးများ ဖမ်းဆီးရမိမှု



၇-၁၁-၂၀၂၂ ရက်နေ့ ၀၉၃၀ အချိန်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်၊ ဝမ်တုံကျေးရွာအနီး၊ ဝမ်တုံ-မယ်ဆိုင်ရေချောင်းသွား ကားလမ်းတွင် ဝမ်တုံဘက်မှ မယ်ဆိုင်ရေချောင်းဘက်သို့ စိုင်းဆုတ်(ခ)စိုင်းကျော် မောင်းနှင်ပြီး စိုင်းစိုင်း(ခ)အိုက်ကျိုင်း(ခ)စိုင်းဖွန်လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို သတင်းအရရှာဖွေရာ ဆိုင်ကယ်ပေါ်ရှိ စက္ကူဂျုပ်ဖာအတွင်းမှ ဒေသကာလတန်ဖိုးငွေကျပ် ၂၈၃၅ သိန်းတန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၅၄ တုံး၊ အလေးချိန် ၁၈.၉ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ဘိန်းဖြူဘလောက်တုံးများအား ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်မှ မြန်မာ-လာအိုနယ်စပ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ ၂ ဦးအား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

## ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်အတွင်း YBS ခရီးသည်တင်ယာဉ်ပေါ်၌ အုပ်စုဖွဲ့ရိုက်နှက်လုယက်မှုကျူးလွန်ခဲ့သူများအား ဖော်ထုတ်ဖမ်းဆီးရမိမှု



၈-၁၁-၂၀၂၂ ရက်နေ့ ၁၆၀၀ အချိန်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်းဈေးဘူတာရုံလမ်းနှင့် သမိုင်း(၇)လမ်းထိပ်၌ YBS ယာဉ်လိုင်း အမှတ်(၆၁) ပေါ်တွင် လိုက်ပါစီးနင်းလာသည့် ခရီးသည်အမျိုးသမီး ၁ ဦးနှင့် အခြားခရီးသည်များထံမှ လက်ကိုင်ဖုန်းများအား အုပ်စုဖွဲ့၍ရိုက်နှက်လုယက်ခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ကြောင်း သက်ဆိုင်ရာနယ်မြေရဲစခန်းသို့ သတင်းပေးပို့တိုင်ကြားလာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး အချိန်နှင့်တစ်ပြေးညီ ပိတ်ဆို့စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ပိတ်ဆို့စစ်ဆေးမှုများနှင့် နယ်မြေအတွင်း သတင်းစုံစမ်းဖော်ထုတ်ချက်များအရ ၉-၁၁-၂၀၂၂ ရက်နေ့ ၀၇၀၀ အချိန်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ်၊ အောင်ဇေယျတံတားထိပ်နှင့် အင်းစိန်မြို့နယ်၊ ပေါက်တောဝမီးပွိုင့်အနီး၊ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်တံတားထိပ်၊ လှိုင်သာယာမြို့နယ်တို့အတွင်း အဖွဲ့ငယ်များဖွဲ့ကာ စောင့်ဆိုင်းနေစဉ် ကျိုက်ဝိုင်းဘုရားလမ်းအတိုင်း ယာဉ်မောင်း အောင်မိုးသန်း(ခ)ရှီဖားကမား မောင်းနှင်လာသည့် **TNI/GG-5704 Probox** အဖြူရောင်ယာဉ်အား သတင်းအရပိတ်ဆို့ဖမ်းဆီးစစ်ဆေးခဲ့ရာ မင်းသိန်းနိုင်(ခ)ကတုံး(၂၃)နှစ်၊ (ဘ)ဦးရန်နိုင်စိုး၊ အောင်မိုးသန်း(ခ)ရှီဖားကမား(၃၇)နှစ်၊(ဘ)ဦးခင်လတ်၊ ပြည့်ဖြိုးမောင်(ခ)ဖြိုးမောင်(၂၀)နှစ်၊ (ဘ)ဦးမောင်၊ ထွန်းထွန်းဦး(ခ)ဖိုးသကြန်(၁၉)နှစ်၊ (ဘ)ဦးဆန်းဝင်း၊ လှိုင်ဖြိုးမောင်(၁၉)နှစ်၊ (ဘ)ဦးမောင်မောင်၊ အောင်ကျော်ဆန်း(ခ)ဆီတုံး(၂၉)နှစ်၊ (ဘ)ဦးလှဝင်း၊ မျိုးမင်းအောင်(ခ)မျိုးမြတ်(၂၂)နှစ်၊ (ဘ)ဦးမောင်မောင်စိုးနှင့် ဝင်းထူး(ခ)ဆံရှည်(၂၂)နှစ်၊ (ဘ)ဦးပြုံးချို တို့ (၈)ဦးအား ဖမ်းဆီးရမိခဲ့ပါသည်။

ဖမ်းဆီးရမိသူ မင်းသိန်းနိုင်(ခ)ကတုံး ပါ(၈)ဦးတို့အား စိစစ်ဖော်ထုတ်ချက်အရ လုယက်မှုအား မင်းသိန်းနိုင်(ခ)ကတုံးက ဦးဆောင်ကာကျူးလွန်ခဲ့ပြီး အောင်မိုးသန်း(ခ)ရှီဖားကမား၊ ပြည့်ဖြိုးမောင်(ခ)ဖြိုးမောင်၊ ထွန်းထွန်းဦး(ခ)ဖိုးသကြန်၊ လှိုင်ဖြိုးမောင်၊ အောင်ကျော်ဆန်း(ခ)ဆီတုံး၊ မျိုးမင်းအောင်(ခ)မျိုးမြတ်၊ ဝင်းထူး(ခ)ဆံရှည်နှင့် နေဇော်(ခ)နေအောင် (ဖမ်းဆီးရန်ကျန်)တို့က လုယက်မှုကျူးလွန်နိုင်ရေး အသီးသီးပူးပေါင်းပါဝင်ခဲ့ကြကြောင်း၊ ၈-၁၁-၂၀၂၂ ရက်နေ့ ၁၆၀၀ အချိန်တွင် မင်းသိန်းနိုင်(ခ)ကတုံး ပါ(၉)ဦးတို့သည် အောင်မိုးသန်း(ခ)ရှီဖားကမား မောင်းနှင်သည့် **TNI/GG-5704 Probox** ယာဉ်အားစီးနင်းကာ ဘုရင့်နောင်လမ်း၊ သမိုင်းဘူတာရုံလမ်းပေါ်ရှိ ကွေ့(၁) မှတ်တိုင်သို့ သွားရောက်ခဲ့ကာ ယာဉ်ပေါ်တွင် ယာဉ်မောင်း အောင်မိုးသန်း(ခ)ရှီဖားကမား (၁)ဦးသာကျန်ခဲ့ပြီး ကျန်(၈)ဦးတို့မှာ YBS ယာဉ်အမှတ်(၆၁) ပေါ်သို့ တက်ရောက်ခဲ့ကြောင်း၊ ဘုရင့်နောင်ခုံးတံတားအနီးအရောက်တွင် ယာဉ်ပေါ်ပါ အသက်(၂၅)နှစ်ခန့် အမျိုးသား (၁)ဦး၏ ကျောပိုးအိတ်အတွင်းမှ **Redmi 8** ခရမ်းရောင်လက်ကိုင်ဖုန်းအား မင်းသိန်းနိုင်(ခ)ကတုံးက နှိုက်ယူခဲ့ကြောင်း၊ အသက်(၂၅)နှစ်ခန့်ရှိ အမျိုးသမီး(၁)ဦး၏ ကျောပိုးအိတ်အတွင်းမှ **Samsung A-10** စိမ်းပြာရောင်လက်ကိုင်ဖုန်းအား နေဇော်(ခ)နေအောင်(ဖမ်းဆီးရန်ကျန်)က နှိုက်ယူနေစဉ် အဆိုပါအမျိုးသမီးက အော်ဟစ်အကူအညီ တောင်းသဖြင့် မင်းသိန်းနိုင်(ခ)ကတုံးက သံပိုက်ဖြင့်ပြုလုပ်ထားသော နံကြပ်ကူဖြင့် ရိုက်နှက်ခဲ့ကြောင်း၊ လုယက်ပြီးနောက်ကားပေါ်မှဆင်းကာ အသင့်စောင့်ဆိုင်းနေသည့် **TNI/GG-5704 Probox** ယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရပါသည်။

ဆက်လက်စစ်ဆေးဖော်ထုတ်ချက်အရ မင်းသိန်းနိုင်(ခ)ကတုံး ပါ(၉)ဦးတို့သည် ၅-၁၁-၂၀၂၂ ရက်နေ့ ၀၇၀၀ အချိန်တွင် သာကေတမြို့နယ်အတွင်း၌ ပြေးဆွဲမောင်းနှင်လျက်ရှိသည့် YBS ယာဉ်လိုင်းအမှတ်(၄၂)ယာဉ်ပေါ်ရှိ အမျိုးသားတစ်ဦးအား ဝိုင်းဝန်းထိုးကြိတ်ရိုက်နှက်ကာ ကားပေါ်မှဆွဲချပြီး အဆိုပါအမျိုးသား၏ ကျောပိုးအိတ်အတွင်းမှ **Samsung A-50** အမျိုးအစား စိမ်းပြာရောင်ဖုန်း ၁ လုံး၊ **MI 5** အဖြူရောင်ဖုန်း ၁ လုံး၊ ငွေစက္ကူ(၅၀၀,၀၀၀/-)ကျပ်နှင့် **ATM** ကတ် ၃ ခု၊ မှတ်ပုံတင် ၁ ခု၊ ယာဉ်မောင်းလိုင်စင် ၁ ခုတို့အား လုယက်ခဲ့ကြောင်းနှင့် ထိုသို့လုယက်မှုကျူးလွန်စဉ် **AYY/DD-3873 Probox** အဖြူရောင်ယာဉ်အား အသုံးပြုခဲ့ကြောင်း ဖော်ထုတ်သိရှိရပါသည်။

အထက်ပါလုယက်မှုများအတွင်း မင်းသိန်းနိုင်(ခ)ကတုံးနှင့် နေဇော်(ခ)နေအောင်တို့က လုယက်ခါးပိုက်နှိုက်ခဲ့ကြပြီး ကျန်(၇)ဦးမှ လုယက်ရာတွင် ဝန်းရံပေးသူ၊ လူကာပေးသူနှင့် အခြေအနေစောင့်ကြည့်ပေးသူများအဖြစ် ပူးပေါင်းပါဝင်ကျူးလွန်ခဲ့ကြကြောင်း ဖော်ထုတ်သိရှိရပါသည်။

ဖြစ်စဉ်တွင် အများပြည်သူ စီးနင်းသွားလာလျက်ရှိသည့် YBS ယာဉ်များအတွင်း လုယက်မှုကျူးလွန်ခဲ့ပြီး ဖမ်းဆီးရမိသူများဖြစ်သည့် မင်းသိန်းနိုင်(ခ)ကတုံးပါ (၈)ဦးတို့အား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ဖမ်းဆီးရန်ကျန်တရားခံဖြစ်သည့် နေဇော်(ခ)နေအောင်အား အမြန်ဆုံးဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်နှင့် စမ်းချောင်းမြို့နယ်တို့အတွင်း၌ အုပ်စုဖွဲ့ ခါးပိုက်နှိုက်မှု ကျူးလွန်ခဲ့သူများအား ဖော်ထုတ်ဖမ်းဆီးရမိမှု



ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ လှည်းတန်းလမ်းဆုံအနီးနှင့် စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတစ်ဝိုက်တို့တွင် အုပ်စုဖွဲ့ ခါးပိုက်နှိုက်မှုများ ဖြစ်ပွားလျက်ရှိကြောင်း ဒုစရိုက်မှုကင်းမဲ့လိုလားသူ တာဝန်သိပြည်သူများ၏ သတင်းပေးပို့တိုင်တန်းချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်း၊ အသွင်ယူစောင့်ကြည့်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ၁၀-၁၁-၂၀၂၂ ရက်နေ့ ၀၈၀၀ အချိန်တွင် ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ လှည်းတန်းလမ်းဆုံ၊ လှည်းတန်းလမ်းမပေါ်တွင် တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၁၄)ရပ်ကွက်၊ မြင်သာ(၁၀)လမ်းနေ သူရထွန်း(ခ)ဘောကြီး(၂၁)နှစ်နှင့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၁၅)ရပ်ကွက်၊ ကျွန်စစ်သားလမ်းနေ ဇော်မျိုးဦး(ခ)ဝက်ကြီး(ခ)ပါကဲ့(၂၇)နှစ်တို့(၂)ဦးအား ခါးပိုက်နှိုက်ရာမှ ကျူးလွန်ရရှိသော **BOWEISI** တံဆိပ်ပါ အညိုရောင်ခေါက်ပိုက်ဆံအိတ်(၁)လုံး၊ ငွေစက္ကူရောရာ ၁၅၅,၀၀၀ ကျပ်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးချက်အရ ခါးပိုက်နှိုက်ပြစ်မှုကျူးလွန်ရာတွင်အတူပါဝင်သူ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၆)ရပ်ကွက်နေ ကျော်ကျော်(ခ)အသေးလေး(၂၆)နှစ်နှင့် ခါးပိုက်နှိုက်ရာမှရရှိသည့် လက်ကိုင်ဖုန်းများအား လက်ခံဝယ်ယူပေးသူ ကျော်မျိုးလှိုင်(ခ)ကျော်ကြီး(၂၆)နှစ်တို့(၂)ဦးအား လက်ကိုင်ဖုန်းမျိုးစုံ(၁၁)လုံး၊ **BOVI's** တံဆိပ်ပါ အညိုရောင်ခေါက်ပိုက်ဆံအိတ်(၁)လုံး၊ **JERRY & EVE** တံဆိပ်ပါအညိုရောင်ဘေးလွယ်အိတ်(၁)လုံး၊ ငွေစက္ကူရောရာ (၄၀)သိန်းကျပ်တို့နှင့်အတူ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ရတနာပုံလမ်းပေါ်တွင် ထပ်မံဖမ်းဆီးရမိခဲ့ပါသည်။

ဆက်လက်စစ်ဆေးဖော်ထုတ်ချက်အရ တရားခံ ကျော်မျိုးလှိုင်(ခ)ကျော်ကြီးထံသို့ ဖုန်းရောင်းချရန်အတွက် ဖုန်းဖြင့်ဆက်သွယ်ခဲ့သူ ကြည့်မြင်တိုင်မြို့နယ်၊ အလတ်ချောင်းရပ်ကွက်၊ ဘောဂဗလလမ်းနေ ကျော်မျိုးနိုင်(ခ)ကိုမျိုး(ခ)အပုလေး(၂၇)နှစ်နှင့် တာပေါ်ဆိပ်ကြီးရပ်ကွက်နေ လင်းလင်းထွန်း(ခ)ဝိုင်းဝိုင်း(၂၂)နှစ်တို့(၂)ဦးအား ခါးပိုက်နှိုက်ရာမှ ရရှိသည့် **VIVO** အမျိုးအစားလက်ကိုင်ဖုန်း(၁)လုံးနှင့်အတူ ကြည့်မြင်တိုင်မြို့နယ်၊ အုတ်ဖိုရပ်ကွက်၊ ကမ်းနားလမ်း၊ ဗားကရာစာတိုက်မှတ်တိုင်တွင် ဖမ်းဆီးရမိခဲ့ပါသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ဆက်လက်အသွင်ယူစောင့်ဆိုင်းနေစဉ် ခါးပိုက်နှိုက်မှု ကျူးလွန်ရန်ရောက်ရှိလာသည့် မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ မြောက်ပိုင်းရပ်ကွက်၊ တောရကျောင်း(၁၀)လမ်းနေ စိန်သန်းအေး(ခ)စိန်ကြီး(၃၀)နှစ်၊ ဇော်မင်းထွေး(ခ)အောင်လေး(ခ)ကုလားကြီး(၂၈)နှစ်နှင့် တွံတေးမြို့နယ်၊ ကညွတ်ကန်ကျေးရွာနေ ထွန်းမင်းလတ်(ခ) တုတ်တုတ်(၂၄)နှစ်တို့(၃)ဦးအား လက်ကိုင်ဖုန်းမျိုးစုံ(၆)လုံး၊ ငွေစက္ကူရောရာ(၁၄)သိန်းကျပ်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးချက်အရ ခါးပိုက်နှိုက်ရာမှ ရရှိသည့် လက်ကိုင်ဖုန်းများအား လက်ခံဝယ်ယူပေးသူ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ကမ်းနားလမ်း၊ ဗားကရာဇက်ပျောတန်း၊ အမှတ်(၁၁၁)နေ မျိုးကျော်သူ(၃၁)နှစ်အား ၎င်း၏နေအိမ်တွင်ထပ်မံဖမ်းဆီးရမိခဲ့ပါသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ခါးပိုက်နှိုက်ရာတွင်ရရှိသည့် လက်ကိုင်ဖုန်းများသိမ်းဆည်းပေး၍ ခါးပိုက်နှိုက်မှုကျူးလွန်သည့်နေရာများသို့ မော်တော်ယာဉ်ဖြင့်လိုက်လံပို့ဆောင်ပေးသူ အလုံမြို့နယ်၊ စောရန်နိုင်(အနောက်)ရပ်ကွက်၊ သစ်တောလမ်းနေ သက်နိုင်ထွန်း(၄၁)နှစ်အား **YGN EE-2479 Filder** အဖြူရောင်မော်တော်ယာဉ်(၁)စီး၊ လက်ကိုင်ဖုန်း(၂)လုံး၊ ငွေစက္ကူရောရာ ၁၂၅,၀၀၀ ကျပ်၊ အညိုရောင်ခေါက်ပိုက်ဆံအိတ်(၁)လုံးတို့နှင့်အတူ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတောင်ရပ်ကွက်၊ ဓမ္မာရုံလမ်းမပေါ်တွင်ထပ်မံဖမ်းဆီးရမိခဲ့ပါသည်။

ဖမ်းဆီးရမိသူတရားခံများ၏ ထွက်ဆိုချက်အရ ၎င်းတို့သည် ခါးပိုက်နှိုက်မှုများ ကျူးလွန်ရာ၌ စိန်သန်းအေး (ခ)စိန်ကြီး ဦးဆောင်ပြီး ဇော်မင်းထွေး(ခ)ကုလားကြီး (ခ)အောင်လေးနှင့် ထွန်းမင်းလတ်(ခ)တုတ်တုတ်တို့မှ အဖွဲ့(၁)အဖြစ်လည်းကောင်း၊ လင်းလင်းထွန်း(ခ)ဝိုင်းဝိုင်းဦးဆောင်ပြီး ကျော်မျိုးနိုင်(ခ)ကိုမျိုး(ခ)အပုလေးတို့က အဖွဲ့(၂)အဖြစ်လည်းကောင်း၊ သူရထွန်း(ခ)ဘောကြီးဦးဆောင်ပြီး ဇော်မျိုးဦး(ခ)ဝက်ကြီး(ခ)ပါကဲ့၊ ကျော်ကျော်(ခ)အသေးလေးနှင့် သက်နိုင်ထွန်းတို့ကအဖွဲ့(၃)အဖြစ်လည်းကောင်း အဖွဲ့များခွဲကာ လှည်းတန်းကုန်းကျော်တံတားအနီး၌ လက်ကိုင်ဖုန်းမျိုးစုံ(၈၆)လုံး၊ ကမာရွတ်မြို့နယ်၊ ဂမုန်းပွင့်ကုန်တိုက်အရှေ့၊ ၁၉၉ စတိုးဆိုင်အရှေ့၊ **IT** လက်ဖက်ရည်ဆိုင်အရှေ့၊ လှည်းတန်းလမ်းဆုံအနီး၊ လှည်းတန်းစင်တာအရှေ့နှင့် လှည်းတန်းဈေးအတွင်းတို့မှ လက်ကိုင်ဖုန်းမျိုးစုံ(၁၈)လုံး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတဝိုက်မှ လက်ကိုင်ဖုန်းမျိုးစုံ(၁၆)လုံး၊ စုစုပေါင်းလက်ကိုင်ဖုန်းမျိုးစုံ (၁၂၀)လုံးတို့အား အဆိုပါနေရာများ၌ သွားလာလှုပ်ရှားနေကြသည့် ခရီးသွားပြည်သူများထံမှ ခါးပိုက်နှိုက်မှုများကျူးလွန်ခဲ့ကြကြောင်း၊ ထိုသို့ခါးပိုက်နှိုက်မှု ကျူးလွန်ခဲ့ရာတွင် စိန်သန်းအေး(ခ)စိန်ကြီးဦးဆောင်သည့် အဖွဲ့(၁)မှဖုန်းမျိုးစုံ (၄၉)လုံးနှိုက်ယူခဲ့ပြီး ရရှိသည့်လက်ကိုင်ဖုန်းများအား မျိုးကျော်သူထံသို့လည်းကောင်း၊ လင်းလင်းထွန်း(ခ)ဝိုင်းဝိုင်းဦးဆောင်သည့် အဖွဲ့(၂)မှ ခါးပိုက်နှိုက်ယူရရှိခဲ့သည့် လက်ကိုင်ဖုန်းမျိုးစုံ(၁၇)လုံးနှင့် သူရထွန်း(ခ)ဘောကြီးဦးဆောင်သည့် အဖွဲ့(၃)မှ ခါးပိုက်နှိုက်ယူရရှိခဲ့သည့် လက်ကိုင်ဖုန်းမျိုးစုံ(၅၄)လုံးတို့အား ကျော်မျိုးလှိုင်(ခ)ကျော်ကြီးထံသို့လည်းကောင်း ရောင်းချခဲ့ကြောင်းဖော်ထုတ်သိရှိခဲ့ရပါသည်။

ဆက်လက်၍ ဖမ်းဆီးရမိတရားခံများအား ရန်ကုန်မြို့အတွင်း ခါးပိုက်နှိုက်မှု၊ လုယက်မှုနှင့် အခြားပြစ်မှုများကျူးလွန်ခဲ့ခြင်း ရှိ/မရှိ တိုက်ဆိုင်စစ်ဆေးခဲ့ရာ တရားခံ(၁၁)ဦးအနက် စိန်သန်းအေး(ခ)စိန်ကြီး၊ ဇော်မင်းထွေး(ခ) အောင်လေး(ခ)ကုလားကြီး၊ ဇော်မျိုးဦး(ခ)ဝက်ကြီး(ခ)ပါကဲ့နှင့် ကျော်မျိုးနိုင်(ခ)အပုလေးတို့(၄)ဦးသည် ၁၁-၅-၂၀၂၂ ရက်နေ့ ၁၄၁၅ အချိန်တွင် ကမာရွတ်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ဇေယျာသီရိလမ်း၌ မောင်ကတုံး(စိစစ်ဆဲ)အား ဝိုင်းဝန်းထိုးကြိတ်ပြီး ချွန်ထက်သောအရာဖြင့် ထိုးခဲ့သဖြင့် မောင်ကတုံးတွင် ယာန်ဘေး၊ ယာပေါင်၊ ရင်အုံ ဝဲဘက်တို့၌ ထိုးသွင်းဒဏ်ရာများရရှိကာ သေဆုံးခဲ့သောကြောင့် ကမာရွတ်မြို့မရဲစခန်း(ပ)၁၃၆/၂၀၂၂၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂/ ၃၄ ဖြင့် အမှုဖွင့်ကာ စစ်ဆေးလျက်ရှိသည့်အမှုမှ အလိုရှိလျက်ရှိသော တရားခံပြေး (၁၃)ဦးအနက်မှ လူသတ်မှုအား အဓိကဦးဆောင်ကျူးလွန်တိမ်းရှောင်လျက်ရှိသည့် တရားခံပြေး(၄)ဦးဖြစ်ကြောင်း ထပ်မံစစ်ဆေးဖော်ထုတ်သိရှိခဲ့ရပါသည်။

ဖြစ်စဉ်တွင်ခါးပိုက်နှိုက်မှုကျူးလွန်သူ တရားခံ(၉)ဦးနှင့် ကျူးလွန်ရာမှရရှိသည့် လက်ကိုင်ဖုန်းများအား လက်ခံဝယ်ယူသူ တရားခံ(၂)ဦးတို့အား လက်ကိုင်ဖုန်းမျိုးစုံ (၁၂၀)လုံး၊ ခါးပိုက်နှိုက်ရာမှရရှိခဲ့သည့် ငွေစက္ကူရောရာ ၅,၆၈၀,၀၀၀/-ကျပ်၊ ၎င်းတို့စီးနင်းအသုံးပြုခဲ့သည့် **TOYOTA Filder** အဖြူရောင်မော်တော်ယာဉ်(၁)စီးတို့နှင့်အတူ ဒုစရိုက်မှုကင်းမဲ့လိုလားသူ တာဝန်သိပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိတရားခံများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်လောင်းမြို့နယ်တွင် ငွေကျပ်သိန်း ၇,၀၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁.၄ သန်းကျော် ဖမ်းဆီးရမိမှု




၈-၁၁-၂၀၂၂ ရက်နေ့ ၁၅၀၀ အချိန်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်လောင်းမြို့နယ်၊ ပင်လောင်း-တပ်ကုန်းသွားကားလမ်း၊ လိမ်လီကြိုးတံတားအနီးတွင် ပင်လောင်းဘက်မှတပ်ကုန်းဘက်သို့ ဇော်မင်းမောင်းနှင်လာသည့် **HINO** (၁၂)ဘီးယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်မှဒေသကာလတန်ဖိုးငွေကျပ် သိန်း ၇,၀၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁.၄၃၈ သန်းဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိစိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ကရင်ပြည်နယ်သို့သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

## ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အင်းစိန်ဗဟိုအကျဉ်းထောင် ဝင်/ထွက်ဂိတ်ပေါက်ရှိ ပါဆယ်ထုပ်လက်ခံသည့် အဆောက်အဦ၌ ဖောက်ခွဲမှုကျူးလွန်ခဲ့သူများအား ဖော်ထုတ်ဖမ်းဆီးရမိမှု



၁၉-၁၀-၂၀၂၂ ရက်နေ့ ၀၉၄၀ အချိန် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အင်းစိန်ဗဟိုအကျဉ်းထောင်၏ ဝင်/ထွက်ပေါက်ဂိတ်ရှိ အကျဉ်းသားများအတွက် ပါဆယ်ထုပ်လက်ခံသည့် အဆောက်အဦအတွင်းနှင့်အပြင်ဘက်တို့တွင် အကြမ်းဖက်သမားများက ပါဆယ်ထုပ်များအတွင်း မိုင်းများထည့်သွင်းဖောက်ခွဲခဲ့မှုကြောင့် တာဝန်ဝတ္တရားများ ဆောင်ရွက်လျက်ရှိကြသည့် အကျဉ်းထောင်ဝန်ထမ်း(၃)ဦးနှင့် အကျဉ်းသားများအတွက် ပါဆယ်ထုပ်လာရောက်ပေးပို့သူ အမျိုးသမီး(၅)ဦး၊ စုစုပေါင်း(၈)ဦးတို့တွင် မိုင်းစထိမှန်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌သေဆုံးသွားခဲ့ကြပြီး အကျဉ်းထောင်ဝန်ထမ်း(၅)ဦး၊ အကျဉ်းသားများအတွက် ပါဆယ်ထုပ်လာရောက်ပေးပို့သူ အမျိုးသား(၅)ဦးနှင့်အမျိုးသမီး(၈)ဦး၊ စုစုပေါင်း (၁၈)ဦးတို့တွင် မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် သေဆုံးသူများနှင့် ထိခိုက်ဒဏ်ရာရရှိသူများကို အင်းစိန်မြို့နယ်၊ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိကာ လိုအပ်သောဆေးဝါးကုသမှုများဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ဖောက်ခွဲမှုကျူးလွန်ခဲ့သူများကို အင်းစိန်မြို့မရဲစခန်းတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(ဈ)/၅၄တို့ဖြင့်အမှုဖွင့်လှစ်ကာ စုံစမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်ဖောက်ခွဲမှုကျူးလွန်ခဲ့သူများကို ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်မှုကိုမလိုလားသည့် တာဝန်သိပြည်သူများနှင့်ပူးပေါင်း၍ အသွင်ယူသတင်းရယူစုံစမ်းထောက်လှမ်းခြင်းနှင့် ခိုင်လုံသည့် လုံခြုံရေးမှတ်တမ်းအထောက်အထားများကို အခြေခံကာရရှိလာသော သတင်းများအား ကွင်းဆက်မပြတ်အပူတပြင်းလိုက်လံစုံစမ်းခဲ့ရာ အင်းစိန်ဗဟိုအကျဉ်းထောင်အား ဖောက်ခွဲမှုကျူးလွန်စဉ် မှတ်တမ်းတင် Video ရိုက်ကူးခဲ့ပြီး လူမှုကွန်ရက် Social Media ပေါ်တွင် ထုတ်လွှင့်ဖော်ပြခဲ့သူ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ (၁၃၁)ရပ်ကွက်၊ မြတ်လေးလမ်း၊ အမှတ်(၂၈၀)နေ ချမ်းမြေ့သူ(ခ)ဂျူးဂျူး(ခ) JUJU (၂၅)နှစ်၊ (ဘ) ဦးအောင်ကြီးကို ၂၅-၁၀-၂၀၂၂ ရက်နေ့ ၁၈၂၀ အချိန်တွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ ဒဂုံတက္ကသိုလ်မှတ်တိုင်၌ စတင်ဖမ်းဆီးရမိခဲ့ပါသည်။

ဖမ်းဆီးရမိသူ ချမ်းမြေ့သူ(ခ)ဂျူးဂျူး(ခ) JUJU၏ ထွက်ဆိုချက်များအရ ဖောက်ခွဲမှုအား ၎င်း၏ခင်ပွန်းဖြစ်သူ ကောင်းထက်(ခ)ဖိုးစီ(၂၅)နှစ်က ကျူးလွန်ခဲ့ကြောင်းနှင့် ၎င်းမှာနေအိမ်၌ရှိကြောင်းသိရှိရသဖြင့် ဖမ်းဆီးနိုင်ရေးဆောင်ရွက်ခဲ့ရာ ကောင်းထက်(ခ)ဖိုးစီ(ဘ)ဦးအောင်စိုးအား ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၁)ရပ်ကွက်၊ မြတ်လေးလမ်း၊ အမှတ်(၂၈၀)၌ ဖမ်းဆီးရမိခဲ့ပြီး နေအိမ်အတွင်းဆက်လက်ရှာဖွေခဲ့ရာ ဖောက်ခွဲမှုကျူးလွန်စဉ်အသုံးပြုခဲ့သည့် 9 MM ကျည်(၃၀)တောင့်၊ ဒီတိုနေတာ(၂)ချောင်း၊ လက်လုပ်မိုင်းဖောက်ခွဲရာတွင်အသုံးပြုခဲ့သည့် A,B,C,D ခလုတ်များပါ Digital Remote Controller (၁)ခု၊ Vinric စာတန်းပါ ဓာတ်ခဲအသေး(၁)လုံး၊ Alkaline စာတန်းပါဓာတ်ခဲအသေး(၁)လုံး၊ ပေါက်ကွဲမှုဖြစ်ပွားမှုအား Video ရိုက်ကူးရာတွင်အသုံးပြုသည့် Sim Card (၂)ကတ်ပါ OPPO A5s အမျိုးအစား အနက်ရောင်ဖုန်း(၁)လုံးနှင့် ဖြစ်မှုကျူးလွန်စဉ်က ကောင်းထက်(ခ)ဖိုးစီနှင့် ချမ်းမြေ့သူ(ခ)ဂျူးဂျူး(ခ)JUJUတို့(၂)ဦး ဝတ်ဆင်ခဲ့သည့် အဝတ်အစားများကို သိမ်းဆည်းရမိခဲ့ပါသည်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်အရ ကောင်းထက်(ခ)ဖိုးစီသည် မြန်မာ့မီးရထား (ရန်ကုန်)၊ ဒီဇယ်စက်ခေါင်းပြင်အလုပ်ရုံ၊ လျှပ်စစ်ဌာန၌ အလုပ်လုပ်ကိုင်နေရာမှ ၈-၂-၂၀၂၁ ရက်နေ့တွင် CDM ပြုလုပ်ခဲ့ကြောင်း၊ ထို့နောက်၎င်းသည် ဇနီးဖြစ်သူ ချမ်းမြေ့သူ(ခ)ဂျူးဂျူး(ခ)JUJU နှင့်အတူ ရန်ကုန်မြို့အတွင်း၌ ဆူပူဆန္ဒပြခြင်းများပြုလုပ်ခဲ့ကြောင်း၊ ချမ်းမြေ့သူ (ခ)ဂျူးဂျူး (ခ) JU JU သည် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း Z Fighter အမည်ခံ အကြမ်းဖက်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့ပြီး ၎င်း၏အဖွဲ့ဝင်အမှတ်မှာ ZF-026(MBR) ဖြစ်ကြောင်း၊ အဆိုပါအဖွဲ့တွင် အဖွဲ့ဝင်(၈၀)ဦးခန့်ရှိပြီး Telegram တွင် Group ဖွဲ့၍ Click to Donate ပြုလုပ်ခြင်း၊ အကြမ်းဖက်မှုလုပ်ရပ်များ ဆောင်ရွက်ခြင်း၊ အဖွဲ့ဝင်သစ်စုဆောင်းခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ သွားလာမှုများအား စောင့်ကြည့်သတင်းပေးခြင်းများဆောင်ရွက်ခဲ့ကြောင်း၊ ကောင်းထက် (ခ) ဖိုးစီသည် ၂၀၂၂ ခုနှစ်၊ ဧပြီလအတွင်း Facebook လူမှုကွန်ရက်စာမျက်နှာအသုံးပြု၍ "PDF Brother " Page မှ သိခဲ့သည့် “စွန်ရဲ”အမည်ခံ အမျိုးသမီး(ဖမ်းဆီးရန်ကျန်)က Signal မှ ဆက်သွယ်ကာ ၎င်းအား "Special Task Agency Of Burma (STA) အထူးတာဝန်လုပ်ငန်းအဖွဲ့ ”အမည်ခံ အကြမ်းဖက်အဖွဲ့၌ အဖွဲ့ဝင်အဖြစ် လက်ခံခဲ့ကြောင်းနှင့် အကြမ်းဖက်မှုများလုပ်ဆောင်ရန် လစဉ်ထောက်ပံ့ကြေးတစ်သိန်းထောက်ပံ့ခဲ့ကြောင်း၊ ၎င်းအား အဆိုပါအဖွဲ့တွင် ပစ္စည်းထိန်းတာဝန်ပေးအပ်ခဲ့ပြီး “စွန်ရဲ”အမည်ခံ အမျိုးသမီး(ဖမ်းဆီးရန်ကျန်)၏ ချိတ်ဆက်ပေးမှုဖြင့် ၂၀၂၂ ခုနှစ်၊ ဇွန်လနှင့်ဩဂုတ်လများအတွင်း ၎င်းတို့အဖွဲ့ဝင်များအကြား အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်ခဲယမ်းများအား သယ်ဆောင်ခြင်း၊ ပို့ဆောင်ပေးခြင်းများ ပြုလုပ်ရကြောင်း၊ ကောင်းထက်(ခ)ဖိုးစီသည် ၎င်း၏ဇနီးချမ်းမြေ့သူ(ခ)ဂျူးဂျူး(ခ)JUJU အား STA အဖွဲ့မှ “စွန်ရဲ”ဆိုသူအမျိုးသမီးနှင့် ချိတ်ဆက်၍ ၁-၁၀-၂၀၂၂ရက်နေ့တွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်စေခဲ့ပြီး အကြမ်းဖက်မှုလုပ်ရပ်များအား ပါဝင်လုပ်ကိုင်စေခဲ့ကြောင်း ထွက်ဆိုခဲ့ပါသည်။

အင်းစိန်ဗဟိုအကျဉ်းထောင်ဖောက်ခွဲခဲ့မှုနှင့်ပတ်သက်၍ ကောင်းထက်(ခ)ဖိုးစီ၏ ထွက်ဆိုချက်အရ ၎င်းထံသို့ ၁၀-၁၀-၂၀၂၂ ရက်နေ့ညပိုင်းက “စွန်ရဲ”အမည်ခံ အမျိုးသမီးက Signal မှ ဆက်သွယ်ကာအင်းစိန်ဗဟိုအကျဉ်းထောင်ကို ဖောက်ခွဲတိုက်ခိုက်ရန်နှင့် ၎င်းတိုက်ခိုက်မှုအား ကျော်ဟိန်း(ဖမ်းဆီးရန်ကျန်)နှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အင်းစိန်ဗဟိုအကျဉ်းထောင်၏ ဝင်/ထွက်ပေါက်ရှိ လူဝင်/ထွက် စာရင်းမှတ်သည့်နေရာနှင့် ပစ္စည်းလက်ခံသည့် နေရာတို့ကို ကြီးကြပ်သည့် ဒုထောင်မှူးနှင့် ထောင်ဝန်ထမ်းများအား ပစ်မှတ်ထားတိုက်ခိုက်ရန်စေခိုင်းခဲ့ကြောင်း၊ ၁၅-၁၀-၂၀၂၂ ရက်နေ့ ၁၄၃၀ အချိန်တွင် ၎င်းတို့ထံသို့ “စွန်ရဲ”အမည်ခံအမျိုးသမီးက ထပ်မံဆက်သွယ်ကာ အကျဉ်းထောင်၏ ဂိတ်ဝင်/ထွက်ပေါက်အား ဖောက်ခွဲမှုပြုလုပ်ရန်အတွက် လက်လုပ်မိုင်းများ နေရာချထားခြင်းအား ၎င်းနှင့်ကျော်ဟိန်း (ဖမ်းဆီးရန်ကျန်)တို့မှ ဆောင်ရွက်ရန်၊ နေရာချထားပြီးပါက ၎င်းမှအဝေးထိန်း Remote ဖြင့် ဖောက်ခွဲရန်၊ ထိုသို့ ဖောက်ခွဲတိုက်ခိုက်မှုကို ၎င်း၏ဇနီး ချမ်းမြေ့သူ(ခ)ဂျူးဂျူး(ခ)JUJU မှ မှတ်တမ်းတင် Video ရိုက်ကူးရန်နှင့် ၎င်းတို့ဖောက်ခွဲတိုက်ခိုက်မှုများအတွက် စောင့်ကြည့်ခြင်းများကို “စွန်ရဲ”မှ အခြားသူများဖြင့်စောင့်ကြည့်ပေးသွားမည်ဟု ပြောကြားခဲ့ကြောင်းထွက်ဆိုခဲ့ပါသည်။

၁၈-၁၀-၂၀၂၂ ရက်နေ့ ၀၉၀၀ အချိန်ခန့်တွင် ကောင်းထက်(ခ)ဖိုးစီနှင့် ကျော်ဟိန်း(ဖမ်းဆီးရန်ကျန်)တို့သည် အင်းစိန်ဗဟိုအကျဉ်းထောင်အနီး သွားရောက်၍ လက်လုပ်မိုင်းများချထားမည့်နေရာနှင့် ၎င်းတို့ပြန်ထွက်မည့်လမ်းကြောင်းများကို သွားရောက်ကြည့်ရှုခဲ့ကြကြောင်း၊ အကြမ်းဖက်ဖောက်ခွဲရာတွင် အသုံးပြုမည့် လက်လုပ်မိုင်းများအား “စွန်ရဲ”အမည်ခံ အမျိုးသမီး၏ချိတ်ဆက်ပေးမှုဖြင့် ၁၈-၁၀-၂၀၂၂ ရက်နေ့ ၁၅၀၀ အချိန်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ပြည်ထောင်စုလမ်းဘေးရှိ ယောက်ကော်ကားမှတ်တိုင်၌ အမျိုးသား(၂)ဦး(စိစစ်ဆဲ)က စက်ဘီး(၁)စီးဖြင့် ရောက်ရှိလာပြီး ပီနံအိတ်အဖြူရောင်ဖြင့် ထည့်သွင်းထားသည့် လက်လုပ်မိုင်း(၃)လုံးအားပေးခဲ့သဖြင့် သယ်ဆောင်လာပြီး ၎င်းအလုပ်လုပ်ကိုင်သည့် တာမွေမြို့နယ်၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ စံပယ်လမ်းနှင့်ကံ့ကော်လမ်းထောင့်ရှိ Dr.Doe ဆေးကုမ္ပဏီလှေကားအောက်၌ သိမ်းဆည်းထားခဲ့ကြောင်း ထွက်ဆိုခဲ့ပါသည်။

ဆက်လက်၍ ၁၉-၁၀-၂၀၂၂ ရက်နေ့ ၀၇၀၀ အချိန်တွင် ကောင်းထက်(ခ)ဖိုးစီသည် လက်လုပ်မိုင်းများ ထည့်ထားသည့်အထုပ်ကို အငှားယာဉ်ဖြင့်တင်ဆောင်ကာ ကျော်ဟိန်း(ဖမ်းဆီးရန်ကျန်)နှင့်ချိန်းဆိုထားသည့် အင်းစိန်မြို့နယ်၊ ပေါက်တောဓမီးပွိုင့်အနီးရှိ ဒါရိကာဗလီသို့သွားရောက်ခဲ့ကြောင်း၊ ဗလီသို့ရောက်ရှိချိန်တွင် ကျော်ဟိန်း(ဖမ်းဆီးရန်ကျန်)နှင့် တွေ့ဆုံကာ လက်လုပ်မိုင်းများဖြင့် ပါဆယ်ထုပ်ပြုလုပ်ရန် မုန့်များနှင့် တစ်ရှူးများဝယ်ယူ၍ ပါဆယ်ထုပ်များပြုလုပ်ခဲ့ပြီး ပါဆယ်ထုပ်များအတွင်း၌ လက်လုပ်မိုင်းများ တပ်ဆင်ခြင်းအား ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ပြင်ဆင်နေစဉ် ချမ်းမြေ့သူ (ခ) ဂျူးဂျူး (ခ) JUJU မှာ အင်းစိန်ဗဟိုအကျဉ်းထောင်အရှေ့ လမ်းတစ်ဖက်ခြမ်းမုန့်ဟင်းခါးဆိုင်၌ထိုင်ကာ ပေါက်ကွဲမှုဖြစ်စဉ်အား မှတ်တမ်းတင် Video ရိုက်ကူးရန် စောင့်ဆိုင်းနေခဲ့ကြောင်း၊ ထို့နောက် ကောင်းထက်(ခ)ဖိုးစီသည် လက်လုပ်မိုင်းထည့်ထားသည့် ပါဆယ်အထုပ်(၁)ထုပ်ကိုလည်းကောင်း၊ ကျော်ဟိန်း(ဖမ်းဆီးရန်ကျန်)မှ ပါဆယ် အထုပ်(၂)ထုပ်ကိုလည်းကောင်း သယ်ဆောင်ကာ အကျဉ်းထောင် ဝင်/ထွက်ပေါက်သို့ သွားရောက်ခဲ့ပြီး ၎င်းကိုင်ဆောင်ခဲ့သည့် ပါဆယ်အထုပ်အား ဝင်ပေါက်အနီးရှိ အမှိုက်ပုံးပေါ်တွင်လည်းကောင်း၊ ကျော်ဟိန်း(ဖမ်းဆီးရန်ကျန်)ထံမှ အထုပ်(၂)ထုပ်ကို လူဝင်/ထွက် စာရင်းလုပ်သည့်နေရာအနီးနှင့် ပါဆယ်လက်ခံသည့်ဌာန ကောင်တာပေါ်တို့တွင်လည်းကောင်း ချထားခဲ့ပြီး ပြန်လည်ထွက်ခွာခဲ့ကာ ထောင်နှင့်မျက်နှာချင်းဆိုင်လမ်းတစ်ဖက်ခြမ်းမှအခြေအနေကိုစောင့်ကြည့်နေခဲ့ကြကြောင်း၊ ဆက်လက်၍ ကောင်းထက်(ခ)ဖိုးစီက ချမ်းမြေ့သူ(ခ)ဂျူးဂျူး(ခ)JUJU အား Video ရိုက်ကူးရန် သတိပေးပြီးနောက် မြင့်မိုရ်လမ်းအတွင်းမှနေ၍အဝေးထိန်း Remote Controller အား နှိပ်၍ ဖောက်ခွဲခဲ့ရာ ၎င်းတို့ထောင်ထားသည့် လက်လုပ်မိုင်း(၃)လုံးအနက် ဝင်ပေါက်အနီးရှိ အမှိုက်ပုံးပေါ်နှင့် ပါဆယ်လက်ခံသည့်ဌာန ကောင်တာတို့ပေါ်တွင် ထောင်ထားခဲ့သည့် လက်လုပ်မိုင်း(၂)လုံးသာပေါက်ကွဲခဲ့ပြီး ကျန်(၁)လုံးမှာ ပေါက်ကွဲခြင်းမရှိကြောင်း၊ ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ကောင်းထက်(ခ)ဖိုးစီနှင့် ကျော်ဟိန်း(ဖမ်းဆီးရန်ကျန်)တို့(၂)ဦးမှာ အင်းစိန်ဂုံးကျော်တံတားဘက်မှတစ်ဆင့် အငှားယာဉ်ဖြင့် ၎င်းတို့၏ နေအိမ်များသို့ပြန်ခဲ့ကြကြောင်း၊ ထိုသို့ဖောက်ခွဲမှုပြုလုပ်ခဲ့မှုကို ချမ်းမြေ့သူ(ခ)ဂျူးဂျူး(ခ) JUJU မှ မှတ်တမ်းတင် Video ရိုက်ကူးကာ YBS ယာဉ်ဖြင့် ၎င်းအလုပ်လုပ်ကိုင်သည့် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ယုဇနပလာဇာသို့ပြန်ခဲ့ကြောင်း၊ ချမ်းမြေ့သူ(ခ)ဂျူးဂျူး(ခ) JUJU သည် ၎င်းရိုက်ကူးထားသည့် Video မှတ်တမ်းကို “စွန်ရဲ”ဆိုသူထံ Signal မှ ပေးပို့ခဲ့ကြောင်း ဖော်ထုတ်သိရှိရပါသည်။

ဆက်လက်ဖော်ထုတ်ချက်အရ ကောင်းထက်(ခ)ဖိုးစီသည် “Special Task Agency Of Burma (STA)အထူးတာဝန်လုပ်ငန်းအဖွဲ့ ” အမည်ခံအကြမ်းဖက်အဖွဲ့၏ စေခိုင်းချက်အရ ၁၂-၈-၂၀၂၂ ရက်နေ့ ၁၄၁၅ အချိန်တွင် သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ဦးဘဖန်လမ်းရှိ သင်္ဃန်းကျွန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဦးစီးမှူး ဦးဝင်းနိုင်ထွေးနှင့် ဒုဦးစီးမှူး ဦးကျော်မိုးတို့ကို သေနတ်ဖြင့် ပစ်ခတ်ခဲ့သည့်ဖြစ်စဉ်တွင် အခြေအနေစောင့်ကြည့်ပေးခြင်းဖြင့် အကြမ်းဖက်မှုလုပ်ရပ်များကို ပူးပေါင်းပါဝင်ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရပါသည်။

ဖြစ်စဉ်တွင်ဖမ်းဆီးရမိသည့် ကောင်းထက်(ခ)ဖိုးစီနှင့် ချမ်းမြေ့သူ(ခ)ဂျူးဂျူး(ခ) JUJU တို့(၂)ဦးအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေးနှင့် ၎င်းတို့နှင့်ပူးပေါင်း ပါဝင်ကျူးလွန်ခဲ့ကြသည့် ဖမ်းဆီးရန်ကျန်တရားခံများကို အမြန်ဆုံးဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၄)နှစ်မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

၇-၁၁-၂၀၂၂ရက်၊ ၁၂၀၀အချိန်၊ တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ (၃)ထပ်ဆောင်အစည်းအဝေးခန်းမ၌ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်မှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး ဦးခင်မောင်ချိုမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ သမိုင်းကြောင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အတွက်ပေးပို့သော Video Clip အား ဖွင့်လှစ်ပြသခဲ့ပြီး တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ဝန်ထမ်းများအား ကံစမ်းမဲဖောက်ပေးခြင်း၊ အကအဖွဲ့များဖြင့် ဖျော်ဖြေခြင်းများကျင်းပပြုလုပ်ခဲ့ပြီး အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ အရာထမ်း/အမှုထမ်းဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၄)နှစ်မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ဝန်ထမ်းများအား ရုံးဝတ်စုံထောက်ပံ့ပေးအပ်ခြင်း

၇-၁၁-၂၀၂၂ရက်၊ ၁၀၀၀အချိန်၊ ရခိုင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မင်းသုရိယခန်းမ၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားတွင် ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်မှ ဝန်ထမ်းများအား ရုံးဝတ်စုံထောက်ပံ့ပေးအပ်ခဲ့ပြီး အဆိုပါအခမ်းအနားသို့ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း/ အမှုထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းဟောင်းများအသင်း၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။




## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုများ၏ စုပေါင်းကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပ



၃၀-၁၀-၂၀၂၂ရက်၊ ၀၉၀၀ အချိန်၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့၊ ဥဿာသီရိစာသင်တိုက်၌တိုင်းဒေသကြီး၊ ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုများ၏ စုပေါင်းကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားတွင် တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည် ဦးဆောင်၍ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ ဌာနမှ အရာထမ်း/ အမှုထမ်းများ စုစုပေါင်းအင်အား (၃၀၀)ဦးနှင့်အတူ ဆရာတော်/ သံဃာတော်များအား ကထိန်သင်္ကန်းများ၊ လှူဖွယ်ပစ္စည်းများ၊ ပဒေသာပင်များနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း



၇-၁၁-၂၀၂၂ရက်၊ ၀၉၀၀အချိန်၊ ရှမ်းပြည်နယ်၊ မူဆယ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ခြင်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခြင်းကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်မိုး(ခရိုင်အုပ်ချုပ်ရေးမှူး)သည် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝန်ထမ်းများဖြင့် ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ဆန္ဒတော်ပြည့်စေတီတော်၌ ရွှေသင်္ကန်းကပ်လှူရန်အတွက် ဝတ္ထုငွေလှူဒါန်းခြင်း

၂၆-၁၀-၂၀၂၂ရက်၊ ၀၉၃၀အချိန်၊ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ်၊ အမှတ် (၃)ရပ်ကွက်ရှိ မင်းကျောင်းတိုက်ဦး၌ တည်ထားပူဇော်သည့် ဆန္ဒတော်ပြည့်စေတီတော် ရွှေသင်္ကန်းကပ်လှူရန်အတွက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်(ခရိုင်အုပ်ချုပ်ရေးမှူး)သည် ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများနှင့်အတူ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းမိသားစုဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်များမှလှူဒါန်းသည့် အလှူငွေစုစုပေါင်း ၅,၆၀၀,၀၀၀/-အား သွားရောက် လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။



# (၉၀)ကြိမ်မြောက် အင်တာပိုလ်အထွေထွေညီလာခံ (90th INTERPOL General Assembly)သို့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ပိုလ်ချုပ် ဇင်မင်းထက် ဦးဆောင်တက်ရောက်ခဲ့မှု ... မှ

(၉၀)ကြိမ်မြောက်အင်တာပိုလ် အထွေထွေညီလာခံ ဖွင့်ပွဲအခမ်းအနားကို ၁၈-၁၀-၂၀၂၂ ရက်နေ့ ၁၄၀၀ အချိန်တွင် ကျင်းပရာ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် **H.E. Narendra Modi** တက်ရောက်မိန့်ခွန်းပြောကြားပြီးနောက် အင်တာပိုလ်အမှုဆောင်ကော်မတီဥက္ကဋ္ဌ **UAE** ရဲချုပ် **Mr. Ahrmed Nassar al-Raisi** နှင့် အိန္ဒိယနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ်တို့က အမှာစကားများပြောကြား၍ ညီလာခံအား စတင်ဖွင့်လှစ်ခဲ့ပါသည်။

ညီလာခံပထမနေ့ ၁၈-၁၀-၂၀၂၂ရက်နေ့တွင် ၂၀၂၂ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်း အဓိကမှုခင်းဖြစ်ပွားနေသည့် ပုံစံနှင့်အလားအလာများကို ကျွမ်းကျင်သူများ၏ လေ့လာသုံးသပ်ချက် **(Operational Highlights and Presentation of INTERPOL's Global Crime Trend Report 2022)**အား ရှင်းလင်းတင်ပြခြင်း၊ အဂတိလိုက်စားမှုနှင့် ငွေကြေးဆိုင်ရာမှုခင်းများ တိုးတက်ဖြစ်ပေါ်လာမှုအပေါ် ရဲတပ်ဖွဲ့ဝင်များ၏ လုပ်ပိုင်ခွင့်နှင့် ထိရောက်သည့် ပူးပေါင်းဆောင်ရွက်မှုများဖြင့် တိုက်ဖျက်ရေးတို့နှင့် စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြပါသည်။

ညီလာခံဒုတိယနေ့ ၁၉-၁၀-၂၀၂၂ ရက်နေ့နှင့် တတိယနေ့ ၂၀-၁၀-၂၀၂၂ ရက်နေ့တို့တွင် ယူကရိန်းနိုင်ငံရဲအဖွဲ့မှ တင်သွင်းသည့် အင်တာပိုလ်အဖွဲ့ဝင်အဖြစ်မှ ဆိုင်းငံ့ခြင်း သို့မဟုတ် ထုတ်ပယ်ခြင်းနှင့်စပ်လျဉ်းသည့် လုပ်ငန်းစဉ်အား ဆွေးနွေးဆုံးဖြတ်ခြင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှတင်သွင်းသည့် အင်တာပိုလ်လုပ်ငန်းအဖွဲ့များ၏ အုပ်ချုပ်မှုစနစ်နှင့် ပတ်သက်သည့် အဆိုပြုမူကြမ်း ၃ ခုတို့အပါအဝင် ၂၀၂၅ ခုနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်မည့် အင်တာပိုလ်မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ အဆိုပြုမူကြမ်းများ စုစုပေါင်း ၁၄ ခုတို့ကို ဆွေးနွေးခဲ့ကြပြီး မဲစနစ်ဖြင့် အတည်ပြုခြင်း ဆောင်ရွက်ခဲ့ပါသည်။

ညီလာခံစတုတ္ထနေ့ ၂၁-၁၀-၂၀၂၂ ရက်နေ့တွင် အင်တာပိုလ်အမှုဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌတစ်နေရာနှင့် အာဖရိကဒေသအမှုဆောင်ကော်မတီအဖွဲ့ဝင် ၂ နေရာတို့အား မဲစနစ်ဖြင့် ရွေးချယ်အတည်ပြုပြီး အနိုင်ရရှိသူများအား တာဝန်ပေးခန့်အပ်ခြင်းတို့ကိုဆောင်ရွက်ခဲ့ပါသည်။ ဆက်လက်၍ ၂၀၂၃ ခုနှစ်တွင် (၉၁)ကြိမ်မြောက် အင်တာပိုလ် အထွေထွေညီလာခံကို ဩစတြီးယားနိုင်ငံ၊ ဗီယင်နာမြို့၌ လက်ခံကျင်းပရန် ဩစတြီးယားနိုင်ငံ၊ ပြည်ထဲရေးဝန်ကြီးက ကြေညာအဖွင့်အမှာစကားပြောကြားခြင်း၊ ၂၀၂၅ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့်နိုင်ငံနှင့်ပတ်သက်၍ သဘောထားမေးမြန်းဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

ထို့နောက် (၉၀)ကြိမ်မြောက် အင်တာပိုလ်အထွေထွေညီလာခံ အောင်မြင်စွာပြီးဆုံးခြင်းနှင့် ပိတ်ပွဲအခမ်းအနားကို ကျင်းပရာ အိန္ဒိယနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုပြည်ထဲရေးဝန်ကြီး**(UNION HOME MINISTER) H.E.Shri Amit Shah** နှင့် အင်တာပိုလ်အမှုဆောင်ကော်မတီဥက္ကဋ္ဌ **Mr. Ahrmed Nassar al-Raisi**၊ အင်တာပိုလ် အထွေထွေအတွင်းရေးမှူးချုပ် **Mr.Jurgen Stock** တို့က အမှာစကားများ ပြောကြားခဲ့ပြီး ၁၃၃၀ အချိန်တွင် ပိတ်ပွဲအခမ်းအနား ပြီးဆုံးခဲ့ပါသည်။

ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ပိုလ်ချုပ် ဇင်မင်းထက်သည် အင်တာပိုလ်ညီလာခံ တက်ရောက်စဉ်အတွင်း အစည်းအဝေးပထမနေ့တွင် မလေးရှားနိုင်ငံ၊ **CID** ညွှန်ကြားရေးမှူးချုပ်၊ ရဲဗိုလ်ချုပ် **Kamarudin BINMP DIW** နှင့် လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံရဲအဖွဲ့၊ အင်တာပိုလ်အတွင်းရေးမှူးရုံးရဲမှူးချုပ် **Amur Chandra Juli Buana** နှင့်လည်းကောင်း သီးခြားတွေ့ဆုံ၍ နယ်စပ်ဒေသမှ တရားမဝင်ခိုးဝင်နေသည့် မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံသားများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေး၊ ၎င်းတို့နိုင်ငံတွင် ရောက်ရှိနေသည့် ပြစ်မှုကျူးလွန်နေသူမြန်မာနိုင်ငံသားများအား ဖမ်းဆီးလွှဲပြောင်းပေးရေးတို့ကို နှစ်နိုင်ငံတည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးရေး၊ ရဲတပ်ဖွဲ့အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးတို့ကို ဆွေးနွေးခဲ့ပါသည်။

အစည်းအဝေးဒုတိယနေ့တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ရဲချုပ်သည် ရုရှားနိုင်ငံကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် **Chief Prosecutor** (ရှေ့နေချုပ်) **Mr. MOTORENKS MKAALL** ဦးဆောင်သောအဖွဲ့နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံရဲတပ်ဖွဲ့ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စွမ်းရည်မြှင့်တင်ရေးတို့နှင့်စပ်လျဉ်း၍လည်းကောင်း ဆွေးနွေး၍ အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ခဲ့ပါသည်။

အစည်းအဝေး တတိယနေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲချုပ် **Mr.Chowdhury Abudullah Al MAMUN** ဦးဆောင်သောအဖွဲ့နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံရဲတပ်ဖွဲ့ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကဏ္ဍ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကဏ္ဍတို့တွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ တရုတ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်နှင့် အင်တာပိုလ်အမှုဆောင်ကော်မတီဝင် **Mr.Binchen HU** ဦးဆောင်သောအဖွဲ့နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံနယ်စပ်ဒေသတွင် **Online** လောင်းကစားမှုများတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ လန်ချန်း-မဲခေါင် မြစ်ကြောင်းလုံခြုံရေးတွင် **LMLECC** နှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ ဆောင်ရွက်ခဲ့ကြပြီး အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ခဲ့ပါသည်။

အစည်းအဝေး စတုတ္ထနေ့တွင် အင်တာပိုလ်အထွေထွေအတွင်းရေးမှူးချုပ် **Mr.Jurgen Stock** ၊ အင်တာပိုလ်မှုခင်းတိုက်ဖျက်ရေးတာဝန်ခံနှင့် အမှုဆောင်ကော်မတီဝင် **Mr.Stephen Kavanagh** တို့နှင့်တွေ့ဆုံကာ မြန်မာနိုင်ငံ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် အင်တာပိုလ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ပူးပေါင်းဆောင်ရွက်ရေး၊ ပြည်ပနိုင်ငံများတွင် ခိုအောင်းနေသော မြန်မာနိုင်ငံသားအကြမ်းဖက်သမားများအား တည်ဆဲဥပဒေများနှင့်အညီ တားဆီးနှိမ်နင်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဆွေးနွေးခဲ့ကြပါသည်။

ဆက်လက်၍ ထိုင်းနိုင်ငံတော်ဝင်ရဲအဖွဲ့ရဲချုပ် **H.E Police General Damrongsak Kittiprapas** နှင့် အင်တာပိုလ်ညီလာခံတွင် အလွတ်သဘောတွေ့ဆုံနှုတ်ဆက်ခဲ့ပြီး ၂၂-၁၀-၂၀၂၂ ရက်နေ့တွင် ဘန်ကောက်မြို့၊ လေဆိပ်အနီး **Novotal Hotel** အစည်းအဝေးခန်းမ၌ ထိုင်းတော်ဝင်ရဲအဖွဲ့ ရဲဗိုလ်ချုပ် **Khemmarin Hassiri** ခေါင်းဆောင်သောအဖွဲ့နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံနယ်စပ်တွင် တတိယနိုင်ငံသားများ တရားမဝင် ဝင်ရောက်နေမှုများ၊ မြန်မာနိုင်ငံသား အကြမ်းဖက်သမားများ ထိုင်းနိုင်ငံနယ်စပ်တွင် ခိုအောင်းနေမှုများသည် နယ်စပ်ဒေသလုံခြုံရေးကို ဆိုးဝါးစွာထိခိုက်စေသည်ဖြစ်၍ ရဲတပ်ဖွဲ့အချင်းချင်းပူးပေါင်းဆောင်ရွက်မှုဖြင့် ထိရောက်စွာဖော်ထုတ်တားဆီးအရေးယူနိုင်ရေး၊ မူးယစ်ဆေးဝါးသယ်ဆောင်မှုတိုက်ဖျက်ရေးတို့နှင့်စပ်လျဉ်း၍ နှစ်နိုင်ငံရဲတပ်ဖွဲ့ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြပါသည်။

ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မြန်မာ့လေကြောင်းခရီးစဉ်ဖြင့် ၂၃-၁၀-၂၀၂၂ ရက်နေ့ ၁၉၃၀ အချိန်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

---

## အခြေခံစားသောက်ကုန်ပစ္စည်းများ ရောင်းချနေမှုခြေအနေအား ကြည့်ရှုစစ်ဆေး

၂၆-၁၀-၂၀၂၂ရက်၊ ၁၀၀၀အချိန်၊ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်း(မြို့နယ်အုပ်ချုပ်ရေးမှူး)သည် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးရှေ့၌ ပြည်သူများအား အခြေခံစားသောက်ကုန်ပစ္စည်းများဖြစ်သည့် ဆန်၊ ဘဲဥ၊ အာလူး စသည့် ကုန်ပစ္စည်းများအား သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးနေမှု အခြေအနေအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။



## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၄)နှစ်မြောက်နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ...မှ




အခမ်းအနားတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များ၌ ဖွင့်လှစ်ခဲ့သည့်သင်တန်းများတွင် ဆုရရှိသူစုစုပေါင်း (၇၀)ဦးအနက် စံပြဆုနှင့် ပထမဆုရရှိသူ (၂၄)ဦးတို့အား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သန်းက ဆုများချီးမြှင့်ခြင်း၊ ဝန်ထမ်းများအတွက် တူညီဝတ်စုံများနှင့် အခြေခံ စားသောက်ကုန်ပစ္စည်းများဖြစ်သော ဆန်၊ ဆီ၊ ဆားနှင့် ဆပ်ပြာများ စုစုပေါင်းတန်ဖိုးငွေကျပ် (၅၄၃)သိန်းကျော် ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

ထို့အပြင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ဝန်ထမ်းများက စုပေါင်းသွေးလှူဒါန်းခြင်း၊ ဥပ္ပါတသန္တိစေတီတော်၌ ရွှေသင်္ကန်း၊ ရွှေစင်ရွှေပြားများဆက်ကပ်လှူဒါန်းခြင်း၊ မစိုးရိမ်တိုက်သစ်တွင် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာမှ အဘိုးအဘွားများအတွက် တစ်နေ့တာအာဟာရလှူဒါန်းခြင်း၊ YGW ပရဟိတ ကလေးများစောင့်ရှောက်ရေးကျောင်း၌ မိဘမဲ့ကလေးများအတွက် တစ်နေ့တာ အာဟာရလှူဒါန်းခြင်းနှင့် ဇီဝိတဒါနငါးလွှတ်ခြင်းနှင့် ငှက်လွှတ်ခြင်း၊ ရွှေရောင်နှလုံးသား တိရစ္ဆာန်စောင့်ရှောက်ရေးဂေဟာတွင် မွေးမြူထားသောတိရစ္ဆာန်များကို အစာကျွေးမွေးလှူဒါန်းခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ပိုလ်ချုပ် ဇင်မင်းထက် ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ်(၁၀၈/၂၀၂၂) သင်တန်းဆင်းပွဲအခမ်းအနား တက်ရောက်မှု ... မှ

အင်္ဂလိပ်စာဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း အေးပွင့်ဖြူ တို့အား ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က အမှာစကားပြောကြားရာတွင် သင်တန်းဆင်းဒုတိယရဲအုပ်လောင်းများသည် တက္ကသိုလ်အသီးသီးမှ စာပေပညာများကိုလေ့လာဆည်းပူးခဲ့ကြသကဲ့သို့ တပ်ဖွဲ့အသီးသီးမှ ခေါင်းဆောင်ငယ်များအဖြစ် စတင်တာဝန်ထမ်းဆောင်ကြရမည့်သူများဖြစ်သည်နှင့်အညီ ခေါင်းဆောင်မှုအရည်အသွေးများကို ကောင်းစွာသိရှိနားလည်ပြီး တပ်တွင်းစည်းလုံးညီညွတ်မှုနှင့် တပ်ပြင်စည်းရုံးရေး လုပ်ငန်းများကို ပိုမိုကျစ်လျစ်ခိုင်မာအောင် အလေးထားဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ တိုးတက်ပြောင်းလဲနေသည့် မျက်မှောက်ခေတ်ကာလတွင် ပြည်သူတို့ဘဝအေးချမ်းသာယာဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေးစသည့် ရည်မှန်းချက်တာဝန်(၄)ရပ်ကို အလေးထား အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ပြည်တွင်းလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ပြည်သူနှင့်အတူ လက်တွဲပြီး ထိရောက်အောင်မြင်အောင် ကြိုးစားဆောင်ရွက်နေသကဲ့သို့ ပြည်တွင်းနှင့် နယ်စပ်ဒေသများပါလုံခြုံရေးကို ဆောင်ရွက်နေရသည့်အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိအမြဲရှိရန်၊ မှုခင်းကျဆင်းရေးအတွက် ပြည်သူလူထုအတွင်း တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းအသိပညာပေးလုပ်ငန်းများအား ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကာ ပြစ်မှုများမဖြစ်ပွားအောင် ကြိုတင်ကာကွယ်မှုများကို ထိရောက်စွာဆောင်ရွက်ပြီး ဖြစ်ပေါ်လာသည့်ပြစ်မှုများကို စုံစမ်းဖော်ထုတ် တရားစွဲတင်ခြင်းစသည့် ပြစ်မှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ဘက်ပေါင်းစုံမှ ဆောင်ရွက်သွားကြရန်နှင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် လုံးဝအမြစ်ပြတ်သည်အထိ ဝိုင်းဝန်းတိုက်ဖျက်ကြရမည်ဖြစ်ကြောင်း မှာကြားခဲ့ပါသည်။

ထို့အပြင် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ လိုက်နာရမည့် အစဉ်အလာကောင်း(၁၂)ရပ်၌ပါရှိသည့် “နိုင်ငံတော်တွင် အရေးကြုံတိုင်း နောင်တော်တပ်မတော်နှင့် တစ်စိတ်တစ်ဝမ်းတည်း လက်တွဲ၍ ကာကွယ်စောင့်ရှောက်ခဲ့သည့်တပ်ဖွဲ့ဖြစ်သည်” ဟူသည့်အချက်နှင့်အညီ တပ်မတော်နှင့်အတူလက်တွဲ၍ လက်ရှိနိုင်ငံတော်၏ အခြေအနေကို တည်ငြိမ်အေးချမ်းရန် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့ဝင်ကောင်းတစ်ယောက်အနေဖြင့် စိတ်ဓာတ်ကောင်းမွန်မှု၊ စည်းကမ်းကောင်းမွန်မှု၊ သစ္စာစောင့်သိမှု၊ စည်းလုံးညီညွတ်မှု၊ စွမ်းရည်ပြည့်ဝမှုစသည့် အရည်အချင်းစံ(၅)ရပ်နှင့် အစဉ်ပြည့်ဝနေရန်လိုအပ်သကဲ့သို့ ရဲလုပ်ငန်းများကိုလည်း နှံ့စပ်ကျွမ်းကျင်ရမည်ဖြစ်သည့်အပြင် ဥပဒေလုပ်ထုံးလုပ်နည်းများကိုလည်း ဆက်လက်လေ့လာသွားရန်နှင့် အင်္ဂလိပ်စာနှင့် အခြားဘာသာစကားများ၊ ကွန်ပျူတာ၊ အင်တာနက်၊ နည်းပညာဆိုင်ရာ ပညာရပ်များကိုလည်း ပိုမိုတိုးတက်ကျွမ်းကျင်အောင် လေ့လာ၊ လေ့ကျင့်သွားရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ၁၉၆၅ ခုနှစ်မှစ၍ အမျိုးသမီး ရဲတပ်ဖွဲ့ဝင်များအား ရဲတပ်ဖွဲ့၏ အဆင့်အသီးသီး၌ စတင်ခန့်အပ်တာဝန်ပေးခဲ့ပြီး အမျိုးသမီးရဲအရာရှိများကို စဉ်ဆက်မပြတ် အမျိုးသားရဲအရာရှိများနှင့်အတူ အောင်မြင်စွာမွေးထုတ်ပေးနိုင်ခဲ့ကာ အမျိုးသမီးရဲအရာရှိငယ်များအနေဖြင့်လည်း ပေးအပ်သည့်တာဝန်များကို စွမ်းရည်ပြည့်ဝကျေပွန်စွာ ထမ်းဆောင်နိုင်ရန်အတွက် လုပ်ငန်းတာဝန်များကို ရဲရင့်ထက်မြက်စွာဆောင်ရွက်နိုင်အောင် ကြိုးပမ်းသွားကြရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် နိုင်ငံ့ဝန်ထမ်းဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့် ထုတ်ပြန်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်များကို စောင့်ထိန်းလိုက်နာပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်တို့ကို အောင်မြင်အောင် မိမိတို့ကျရာကဏ္ဍအလိုက် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် ဥပဒေလုပ်ထုံးလုပ်နည်း၊ ကျင့်ဝတ်များကို သိရှိနားလည်ကျွမ်းကျင်ပြီး အဂတိတရား ကင်းရှင်းစွာဖြင့် နည်းစနစ်တကျ မှန်ကန်စွာ ထမ်းဆောင်သွားကြရန် လိုအပ်ကြောင်းစသည်ဖြင့် တိုက်တွန်းမှာကြားခဲ့ပါသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ ဒုတိယရဲချုပ်(၂)(လုံခြုံ/မှုခင်း) ရဲဗိုလ်ချုပ်အောင်နိုင်သူ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခ ဦးကျော်စိုး၊ ရဲအရာရှိကြီးများ၊ ဇဟိုမီးသတ်သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး အဆိုပါ ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ် (၁၀၈/၂၀၂၂)၊ ရဲဗလတပ်ခွဲတွင် တပ်တွင်းဘွဲ့ရ အမျိုးသား(၁၉၃)ဦး၊ တပ်တွင်းဘွဲ့ရ အမျိုးသမီး(၁၄၈)ဦး၊ စုစုပေါင်း (၃၄၁)ဦးတို့ကို သင်တန်းဆင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၄၄)နှစ်မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ



၇-၁၁-၂၀၂၂ရက်၊ ၀၉၀၀အချိန်၊ နေပြည်တော်ရှိ **Hotel Max** ၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၄၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကို အစီအစဉ်(၂)ရပ်ဖြင့် ကျင်းပခဲ့ရာ ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က တက်ရောက်ချီးမြှင့်ခဲ့ပြီး၊ ဆုချီးမြှင့်ခြင်းအမှတ်တရ လက်ဆောင်များပေးအပ်ခြင်းအစီအစဉ်ကို ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သန်းက ဦးဆောင်ကျင်းပခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများမှ အရာရှိကြီးများနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)နှင့် နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ ဝန်ထမ်းမိသားစုများ၊ ထူးချွန်ဆုရရှိသူဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ပါသည်။

**စာမျက်နှာ(၁၅)သို့**

## ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက် ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ်(၁၀၈/၂၀၂၂) သင်တန်းဆင်းပွဲအခမ်းအနား တက်ရောက်မှု



ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၀၈/၂၀၂၂) ရဲဗလတပ်ခွဲ၊ သင်တန်းဆင်းပွဲအခမ်းအနားကို ၁၄-၁၀-၂၀၂၂ ရက်နေ့ ၀၇၃၀ အချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရဲအရာရှိလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက် တက်ရောက်ခဲ့ပါသည်။

ရှေးဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကိုခံယူကာ သင်တန်းဆင်းတပ်ခွဲအား စစ်ဆေးခဲ့ပြီး ဒုတိယရဲအုပ်လောင်းများက အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြပါသည်။ ယင်းနောက်ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က အကောင်းဆုံးကျောင်းသားဆုရ ဒုတိယရဲအုပ်လောင်း မေလင်းခိုင်၊ ဥပဒေဘာသာရပ် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဝေလွင်ဦး၊ လေ့ကျင့်ရေး ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း မေလင်းခိုင်၊ ကွန်ပျူတာဘာသာရပ် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း သီဟန်မျိုး၊

**စာမျက်နှာ(၁၅)သို့**

## (၉၀)ကြိမ်မြောက် အင်တာပိုလ်အထွေထွေညီလာခံ (90th INTERPOL General Assembly)သို့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက် ဦးဆောင်တက်ရောက်ခဲ့မှု

အင်တာပိုလ်၏ဖိတ်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက် ဦးဆောင်၍ အဆင့်မြင့်အရာရှိကြီးများပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တွင်ကျင်းပသည့် (၉၀)ကြိမ်မြောက် အင်တာပိုလ် အထွေထွေညီလာခံ **(90th Session of INTERPOL General Assembly)**သို့ တက်ရောက်ခဲ့ပါသည်။

(၉၀)ကြိမ်မြောက် အင်တာပိုလ်အထွေထွေ ညီလာခံကို အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့၊ အမျိုးသားဗဟိုဌာန **(National Centre)**တွင် ၁၈-၁၀-၂၀၂၂ ရက်နေ့မှ ၂၁-၁၀-၂၀၂၂ ရက်နေ့အထိကျင်းပရာ အင်တာပိုလ်အဖွဲ့ဝင် ၁၉၅ နိုင်ငံအနက် ၁၇၀ နိုင်ငံတို့မှ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနတို့မှ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ရဲအဖွဲ့အကြီးအကဲ(ရဲချုပ်)များ ဦးဆောင်သည့် အဆင့်မြင့်အရာရှိကြီးများပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့၊ အင်တာပိုလ် အမှုဆောင်ကော်မတီဥက္ကဋ္ဌ **UAE**



ရဲချုပ် **Mr. Ahrmed Nassar al-Raisi**၊ အင်တာပိုလ် အထွေထွေအတွင်းရေးမှူးချုပ် **Mr. Jurgen Stock** နှင့် အမှုဆောင်ကော်မတီဝင်များ၊ နိုင်ငံတကာမှုခင်းတိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်သူများ တက်ရောက်ခဲ့ကြပါသည်။

**စာမျက်နှာ(၁၄)သို့**